# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၄) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | လှိုင်းဘွဲ့မြို့၏ မြောက်ဘက်(၃)မိုင်ကျော်ခန့်ရှိသော ထန်းတပင်တောင်ရှိ ဘုရားစေတီဟောင်းနှင့် ဘုန်းကြီးကျောင်းနေရာပတ်ဝန်းကျင် တောအုပ်သည် ရှေးနှစ်ပေါင်းများစွာ တည်ထားခဲ့သော မြို့ဟောင်းနေရာ တစ်ခုဖြစ်ရာ နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်တစ်ခု အနေဖြင့် ပြန်လည်လေ့လာ စိစစ်ဖော်ထုတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၆ | ပိုင်ဆိုင်မှုကိစ္စဖြင့် တရားရင်ဆိုင် ချိပ်ပိတ်ခံထားရသော သန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် ကျောင်းအတွင်းရှိ အများပြည်သူ လှူဒါန်းသမှု အစုစုတို့ကို အမှုကိစ္စမပြီးပြတ်ခင်ကာလအတွင်း ရန်သူမျိုးငါးပါးအန္တရာယ်မှ ကင်းဝေးစေရန် မည်သည့်အဖွဲ့အစည်းမှ တာဝန်ယူ၍ မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၇ | ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် တာဝန်ထမ်းဆောင် နေကြသော အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးငွေကို တိုးပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းတင်ပြခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က လွဲမှားသည့် အယူအဆဖြင့် ကန့်သတ်ချက်များကို ထုတ်ပြန်ညွှန်ကြားခြင်းသည် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဖျက်ကွယ်ပြုရာရောက်သဖြင့် အလားတူ မဖြစ်စေရေး မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၉ | သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုအား နမ့်လန်မြို့အဖြစ် တိုးချဲ့ ဖွဲ့စည်းနိုင်ရေး ကိစ္စနှင့်ပတ်သက်၍ ကြိုးစားဆောင်ရွက်နေကြပါသော်လည်း မည်သည့်အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်ကာလတွင် နမ့်လန်မြို့အဖြစ် သတ်မှတ်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၀ | ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် အုပ်ချုပ်ရေးမှူးနေရာများ လစ်လပ်သွား၍ ယာယီအုပ်ချုပ်ရေးမှူး အဖြစ် တာဝန်ပေးခန့်အပ်ရန် ခံရသူများမှာ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ရရှိခံစားခြင်းမရှိဘဲ နစ်နာရသည်ကို မည်သို့စီစဉ် ဆောင်ရွက်ပေးနိုင်မည်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၇ |
| ၁၁ | တမူးခရိုင်အတွင်းရှိ အလှော်၊ ပွတ်တာနှင့် မင်းသမီးကျေးရွာများ ရွာနယ်နိမိတ် သတ်မှတ်ပေးရန် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၂ |
| ၁၂ | ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများ နေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်း ဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၄ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၁ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈–၂–၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **လှိုင်းဘွဲ့မြို့၏ မြောက်ဘက်(၃)မိုင် ကျော်ခန့် ရှိသော ထန်းတပင်တောင်ရှိ ဘုရားစေတီပဟောင်းနှင့် ဘုန်းကြီးကျောင်း နေရာ ပတ်ဝန်းကျင်တောအုပ်သည် ရှေးနှစ်ပေါင်းများစွာက တည်ထား ခဲ့သော မြို့ဟောင်းနေရာတစ်ခုဖြစ်ရာ နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ် တစ်ခုအနေဖြင့် ပြန်လည်လေ့လာ စိစစ်ဖော်ထုတ်ပြီး ထိန်းသိမ်းစောင့်ရှောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၏ **ပိုင်ဆိုင်မှုကိစ္စဖြင့် တရားရင်ဆိုင်ချိပ်ပိတ် ခံထားရသော သန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် ကျောင်း အတွင်းရှိ အများပြည်သူ လှူဒါန်းသမှု အစုစုတို့ကို အမှုကိစ္စ မပြီးပြတ်ခင်**

**ကာလအတွင်း ရန်သူမျိုးငါးပါးအန္တရာယ်မှ ကင်းဝေးစေရန် မည်သည့် အဖွဲ့အစည်းမှ တာဝန်ယူ၍ မည်ကဲ့သို့ ထိန်းသိမ်း ကာကွယ်စောင့်ရှောက် မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များတွင် တာဝန်ထမ်းဆောင်နေကြသော အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ၊ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးငွေကို တိုးပေး နိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ် များ၏ တာဝန်အရ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသည့် လွှတ်တော် အတွေ့အကြုံရှင်းလင်းတင်ပြခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့က လွဲမှားသည့်အယူအဆဖြင့် ကန့်သတ်ချက်များ ထုတ်ပြန် ညွှန်ကြားခြင်းသည် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဖျက်ကွယ်ပြုရာ ရောက်သဖြင့် အလားတူမဖြစ်စေရေး မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက် မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၏ **သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာ အုပ်စုအား နမ့်လန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ကြိုးစားဆောင်ရွက်နေကြပါသော်လည်း မည်သည့်အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်ကာလတွင် နမ့်လန်မြို့အဖြစ် သတ်မှတ် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၏ **ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် အုပ်ချုပ်ရေးမှူးနေရာများ လစ်လပ်သွား၍ ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးခန့်အပ် ခံရသူများမှာ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများကို ရပ်ကွက် သို့မဟုတ်**

**ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ရရှိခံစားခြင်းမရှိဘဲ နစ်နာရသည်ကို မည်သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးခရိုင်အတွင်းရှိ အလှော်၊ ပွတ်တာနှင့် မင်းသမီးကျေးရွာများ ရွာနယ်နိမိတ်သတ်မှတ်ပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်က **"လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှု နည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၂၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၄ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁၀ ရက်၊

(၂) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁၀ ရက်၊

(၃) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁၀ ရက်၊

(၄) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁၀ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တင်ဆွေဝင်း ခွင့် ၁၀ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ခွင့် ၅ ရက်၊

(၇) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၄ ရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၉) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊

(၁၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၁၁) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၃ ရက်၊

(၁၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ် ခွင့် ၁ ရက်၊

(၁၃) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊

(၁၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၁၅) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၁၆) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၁၇) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၁၈) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၁၉) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၂၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၅ ရက်၊

(၂၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေးဝင်း ခွင့် ၂ ရက်၊

(၂၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၂ ရက်၊

(၂၃) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊

(၂၄) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၅ ရက်၊

(၂၅) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊

(၂၆) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊

(၂၇) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊

(၂၈) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ငွေး ခွင့် ၂ ရက်၊

(၂၉) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၃ ရက်၊

**မှူကြမ်း**

(၃၀) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၃၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၁ ရက်၊

(၃၂) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၃၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်နှင့်

(၃၄) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြု ထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**လှိုင်းဘွဲ့မြို့၏ မြောက်ဘက်(၃)မိုင်ကျော်ခန့်ရှိသော ထန်းတပင်တောင်ရှိ ဘုရားစေတီပေါင်းနှင့် ဘုန်းကြီးကျောင်းနေရာပတ်ဝန်းကျင်တောအုပ်သည် ရှေးနှစ်ပါင်းများစွာ တည်ထားခဲ့သော မြို့ဟောင်း နေရာတစ်ခုဖြစ်ရာ နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအနေဖြင့် ပြန်လည်လေ့လာစိစစ်ဖော်ထုတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော့်ရဲ့ မွေးရပ်ဇာတိ လှိုင်းဘွဲ့မြို့ရဲ့မြောက်ဘက်သုံးမိုင်ကျော်ဝေးတဲ့ ထန်းတပင်တောင်လို့ခေါ်တဲ့ စေတီပေါင်းနဲ့ ဘုန်းတော်ကြီးကျောင်းတွေ တည်ရှိတဲ့နေရာတစ်ဝိုက်ဟာ လက်ရှိ လှိုင်းဘွဲ့မြို့မတည်ခင် ရှေးဘုရင်တွေလက်ထက်တည်းက တည်ထောင်ခဲ့တဲ့ မြို့ဟောင်းတည်နေရာတစ်ခုဖြစ်ပါတယ်။ လှိုင်းဘွဲ့ဆိုတာ မွန်ဘာသာအရ လိုက်ပလွဲလို့ခေါ်တဲ့ မှော်ပင်တွေပေါက်ရောက်နေတဲ့ အင်းရှိတဲ့ နေရာလို့သိရပြီးတော့ ပိုးကရင်ဘာသာအရ ပိုင်ကလောင်ချုံလို့ခေါ်ပြီးတော့ ချောင်းတွေ၊ အင်းတွေ နဲ့ပတ်လည်ဝိုင်းနေတဲ့ ခံတပ်မြို့လို့သိရပါတယ်။ လက်ရှိမြို့မတည်ခင် မြို့ဟောင်းတည်ရှိရာ ထန်းတပင်တောင်ရှိတဲ့နေရာတဲ့နေရာဟာ မြို့ဟောင်းတည်ထောင်ခဲ့တဲ့အချိန်ဟာ သုဝဏ္ဏဘုံမိသထုံ ပြည် သာသနာသက္ကရာဇ် ၁၂၅ ခုနှစ်မှာစိုးစံတဲ့ သုဝဏ္ဏရာဇာနဲ့ မဟာဓမ္မဇေမင်းတို့လက်ထက်မှာ လက်အောက်ခံအဖြစ် တည်ရှိခဲ့ကြောင်း သိရပါတယ်။ မြန်မာ့စွယ်စုံကြမ်း အတွဲ(၁၂)၊ စာမျက်နှာ ၂၇၉ မှာလည်းပဲ ဒီလှိုင်းဘွဲ့မြို့ဟောင်းသမိုင်းနဲ့ပတ်သက်ပြီး ဖော်ပြထားပါတယ်။ သာသနာသက္ကရာဇ် ၁၆၁ ခုနှစ်၊ သထုံမြို့ပျက်ယွင်းတဲ့အချိန်မှာ လှိုင်းဘွဲ့မြို့စားဟာ သထုံပြည်ကနေ ခွဲထွက်ပြီးတော့ သီးခြားမြို့ တည်ခဲ့ကြောင်းနဲ့ မုတ္တမမွန်မင်းဆက်ပြန်လည်တည်ထောင်ခဲ့တဲ့ ခရစ်သက္ကရာဇ် ၁၃၆၃ ခုနှစ်မှာ လက်အောက်ခံမြို့ ၃၂ မြို့မှာ လှိုင်းဘွဲ့မြို့ဟောင်းလည်း ပါဝင်တယ်လို့သိရပါတယ်။ အေဒီ ၁၅၈၁ ခုနှစ်၊ ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံပြီးတော့ နန္ဒဘုရင်လက်ထက်မှာ လက်အောက်ခံမြို့စား၊ နယ်စား၊ စော်ဘွားတွေ ပုန်ကန်လာကြပြီးတော့ အေဒီ ၁၅၈၃ ခုနှစ်မှာ ယိုးဒယားဘုရင်ဖြရ်နရစ်က

ဟံသာဝတီကို ဝန်းရံတိုက်ခိုက်ပြီးတော့ မုတ္တမကိုဆုတ်ခွာရာမှာ အရှေ့ခြမ်းကလူတွေကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားတဲ့အခါမှာ လှိုင်းဘွဲ့မြို့ဟောင်းရဲ့ မင်းသားသုံးပါးဟာလည်းပဲ ကျိုက်မုထော၊ ကျိုက်မုရောနဲ့ ကျိုက်မုရွှေလို့ခေါ်တဲ့ စေတီသုံးဆူတည်လို့ မပြီးသေးဘဲနဲ့ ဖမ်းဆီးခေါ်ဆောင်ခံရ ပြီးသော မြို့ဟောင်းလည်းပဲ ဖျက်ဆီးခံရကြောင်းသိရပါတယ်။ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ်မှာ လှိုင်းဘွဲ့မြို့ဟောင်းသူကြီး ဒေါနရဲ့ပြောကြားချက်အရ လှိုင်းဘွဲ့မြို့ဟောင်းရဲ့ နယ်နိမိတ်အခြေအနေ တွေလည်းရှိကြောင်း သိရပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ လှိုင်းဘွဲ့မြို့ဟောင်းတည်နေရာကို ကျွန်တော်တို့ငယ်ငယ်က လေ့လာရေးခရီးနဲ့မကြာခဏသွားခဲ့ရတဲ့အတွက်ကြောင့် တောထဲမှာ စေတီပျက်တွေ၊ ဘုရားဆင်းတုအပျက်တွေ၊ ရှေးဟောင်းလက်ရာကြွေထည်၊ မြေထည်၊ အိုးခွက် ပန်းကန်ဟောင်းတွေ အပျက်တွေအများအပြားနှင့် အဆောက်အဦအုတ်ခွက်တွေ အများအပြားတွေ့ခဲ့ ရပြီးတော့ ရှေးပျူခေတ်လက်ရာအနေနဲ့ ဆင်တူတာတွေ့ရပါတယ်။ ကျွန်တော့်ရဲ့မွေးရပ်ဇာတိ လှိုင်းဘွဲ့မြို့ရဲ့ မြို့ဟောင်းနေရာဟာ ရှေးဘုရင်အဆက်ဆက်တည်ထားခဲ့တဲ့ မြို့ဟောင်းဖြစ်လို့ ရှေးဟောင်းမြို့သူမြို့သားတွေရဲ့ ယဉ်ကျေးမှုအဆင့်အတန်းနဲ့ နိုင်ငံနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းတွေ အား လူမသိသူမသိပျောက်ကွယ်နေပြီးတော့ သမိုင်းဝင်အထောက်အထားပစ္စည်းတွေ ပျက်စီး ပျောက်ဆုံးနေတာကိုလည်း ပြန်လည်လေ့လာဆန်းစစ်ဖော်ထုတ်ခြင်းအားဖြင့် နိုင်ငံ့သမိုင်းကြောင်း တစ်စိတ်တစ်ဒေသအတွက် အထောက်အထား၊ အထောက်အကူရနိုင်မှာဖြစ်ပြီးတော့ ဒေသအတွက် လည်း အကျိုးကျေးဇူးများစွာ ရရှိလာနိုင်မှာဖြစ်တဲ့အပြင် အိမ်နီးချင်းယိုးဒယားနိုင်ငံနဲ့ ဆက်စပ်နေတဲ့ သမိုင်းကြောင်းတွေလည်း ဖော်ထုတ်လာနိုင်မယ်လို့ ယူဆပါတယ်။ လက်ရှိမှာ လူအများအပြားနေထိုင် မှုမရှိသေးဘဲ ဘုရားစေတီနဲ့ ဘုန်းကြီးကျောင်းလောက်ပဲ ရှိသေးတဲ့အတွက်ကြောင့်မို့လို့ သမိုင်းဆိုင်ရာ အထောက်အထား၊ အချက်အလက်တွေ အများအပြားပျက်စီးပျောက်ဆုံးမှုမရှိသေးတဲ့အတွက် အချိန်မီ လေ့လာထိန်းသိမ်းမဖော်ထုတ်နိုင်သေးတဲ့အတွက် မေးမြန်းတင်ပြခြင်းရခြင်းဖြစ်ပါတယ်။ ဒီမြို့ဟောင်း ကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းပေးနိုင်ပေးမယ်ဆိုရင် နိုင်ငံအတွက်သာမက ဒေသဖွံ့ဖြိုးရေးအတွက် လည်းပဲ ခရီးသွားလုပ်ငန်းအတွက်လည်း အကျိုးရှိလာနိုင်မှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုစေချင်ပါတယ်။ ဒါကတော့ လှိုင်းဘွဲ့မြို့ဖြစ်ပါတယ်။ ဒါကတာ့ မြို့အဝင်ဖြစ်ပါတယ်။ ဒါကတော့ စေတီဟောင်းတည်ရှိတဲ့ ကျိုက်မုရောစေတီရဲ့ အနောက်ဘက် မြို့ဟောင်းတည်ရှိတဲ့နေရာဖြစ်ပါတယ်။ ဒါလည်းပဲ မြို့ဟောင်းတည်ရှိတဲ့နေရာ တောတွေ၊ တောင်တွေဖြစ်ပါတယ်။ ဒါကတော့ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းတွေ ဖြစ်ပါတယ်။

ဒါကလည်း အိုးခွက်ပန်းကန်ဖြစ်ပါတယ်။ ရှေးဟောင်းအိုးခွက်ပန်းကန်အချို့ဖြစ်ပါတယ်။ ဒါကတော့ ရှေးဟောင်းပစ္စည်းလက်ရာတွေဖြစ်ပါတယ်။ ဒါက စာတမ်းပြုစုထားတာဖြစ်ပါတယ်။ ဟုတ်ကဲ့။ ကျွန်တော်မေးမြန်းလိုတာကတော့ လှိုင်းဘွဲ့မြို့ဟောင်းတည်နေရာကို နိုင်ငံ့သမိုင်း ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအနေနဲ့ ပြန်လည်လေ့လာစိစစ်ဖော်ထုတ်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ဆောင်ရွက်ပေးမယ်ဆိုရင် ဘယ်အချိန်ကာလမှာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မဆောင်ရွက်ပေးနိုင်ဘူးဆိုလျှင် အကြောင်းအရင်း ဖြေကြားပေးနိုင်ရေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီနေ့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ စပ်လျဉ်းတဲ့မေးခွန်းများကို ကျွန်တော် ဒုတိယဝန်ကြီး ဦးကြည်မင်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုမေးမြန်းထားတဲ့ လှိုင်းဘွဲ့မြို့ဟောင်းကိစ္စနဲ့စပ်လျဉ်း၍ ရှင်းလင်းဖြေကြားပါမယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဟာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ဘားအံ)ဌာနခွဲကို အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ လှိုင်းဘွဲ့မြို့ဟောင်းဟာ တွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများမှာ မြေပုတီးစေ့၊ အုတ်ခွက်ဘုရားများ၊ မြေမီးဖုတ်၊ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်များ၊ မြေဆေးတံများ၊ ကြေးခေါင်းလောင်းတစ်လုံး၊ မြေမီးဖုတ်အုတ်ချပ်များနှင့် စဥ့်အိုးကြီးတစ်လုံးတို့ကို တွေ့ရှိခဲ့ရပြီး အုတ်ခွက်ဘုရားများမှာ ကော့ကွင်းဂူမှာတွေ့ရှိရတဲ့ အုတ်ခွက်များနှင့်လည်းကောင်း၊ ညောင်ရမ်းခေတ်နှင့်လည်းကောင်း ဆင်တူတဲ့အုတ်ခွက်များ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လှိုင်းဘွဲ့မြို့ဟောင်းဟာ သဘာဝတောင်ကုန်းများကို အကာအကွယ်၊ အရံအတားယူကာ မြို့ကိုတည်ထားပြီး တောင်ခြေမှာကျုံးပတ်လည်ဝိုင်းထားသော မြို့ဟောင်းဖြစ်ခြင်း၊ မုတ္တမ ၃၂ မြို့မှ အရံမြို့တစ်မြို့ဖြစ်ပြီး မင်းနေပြည်တော်မြို့ဟောင်းကြီးတစ်ခု

မဟုတ်သော်လည်း စနစ်တကျစုစည်းနေထိုင်ခဲ့သော ပဒေသရာဇ်လူ့အဖွဲ့အစည်းတစ်ခုဖြစ်တယ်ဆိုတာကိုတော့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ ရှေးဟောင်းအဆောက်အဦများကို ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ ဗိသုကာတန်ဖိုးနှင့် မြို့ဟောင်းနေရာတွင် ယဉ်ကျေးမှုအမွေအနှစ်များ ကျန်ရှိတဲ့အခြေအနေပေါ်မူတည်ပြီးတော့လည်းကောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မှာလည်းကောင်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုတင်ပြတဲ့ လှိုင်းဘွဲ့မြို့ဟောင်းဟာ အထက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များအရ ဦးစားပေးထိန်းသိမ်းရမယ့်စာရင်းမှာ မပါရှိပါသဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးဇုန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့ပါသော်လည်း အဆိုပါနေရာသည် သက်တမ်းနှစ် ၁၀၀ ကျော်သည့် မြို့ဟောင်းနေရာဖြစ်သောကြောင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၃)အရ ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅၁)၊ ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးဥပဒေများအရ ထိန်းသိမ်းကာကွယ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပိုင်ဆိုင်မှုကိစ္စဖြင့် တရားရင်ဆိုင်ချိပ်ပိတ်ခံထားရသော သန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် ကျောင်းအတွင်းရှိ အများပြည်သူ လှူဒါန်းသမှု အစုစုတို့ကို အမှုကိစ္စမပြီးပြတ်ခင်ကာလအတွင်း ရန်သူမျိုးငါးပါးအန္တရာယ်မှ ကင်းဝေးစေရန် မည်သည့်အဖွဲ့အစည်းမှ တာဝန်ယူ၍ မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် ယနေ့ တာမွေမဲဆန္ဒနယ်မှ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ မြန်မာတစ်ပြည်လုံးမှာ ဟိုးလေးတစ်ကျော်ဖြစ်တဲ့အပြင် နိုင်ငံတကာကပါ စိတ်ဝင်စားခဲ့တဲ့ မဟာသန္တိသုခ တာမွေမြို့နယ်နှင့် မြန်မာပြည်သူများရဲ့ ဂုဏ်ကျက်သရေကြောင့်လည်းဖြစ်ခဲ့တဲ့ သန္တိသုခဗုဒ္ဓသာသနာပြု ကျောင်းတော်

ကြီး ဘယ်လိုထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ်၊ မည်သည့်အဖွဲ့အစည်းမှာ တာဝန်ရှိတယ်ဆိုတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကျောင်းတော်ကြီးဟာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု Center အဖြစ် ရည်ရွယ်ကာ အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြု ပီနံဆရာတော်ကြီးမှ ဦးဆောင်ကာ တပည့်ဒါယိကာ၊ ဒါယိကာမများ လှူဒါန်းမှုအစုစုနှင့် တည်ထောင်တော်မူခဲ့တဲ့ ကျွန်တော်တို့ စကြာပူနိုင်ငံရဲ့လက်ရာတွေ၊ မြန်မာရဲ့ ဗိသုကာအနုပညာတွေ ထုံမွမ်းထားတဲ့ အင်မတန် အံ့မခန်းကျောင်းတော်ကြီး ဖြစ်ပါတယ်။ အဲဒီကျောင်းတော်ကြီးကို ကျွန်တော်တို့ တင်ပြမယ့်နေရာမှာ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။ အဲဒီကျောင်းတော်ကြီးကို အဝေးမှမြင်ရတဲ့ပုံဖြစ်ပြီး အင်မတန်ခန့်ညားတဲ့ သာသနိကအဆောက်အဦကြီးဖြစ်ပြီး ၁၁ ထပ်ရှိပါတယ်။ အပေါ်ဆုံး စုလစ်မွမ်းချွန်များနှင့်အထက်မှာတော့ ကျွန်တော်တို့ ဗုဒ္ဓသာသနာတော်ရဲ့ အမြင့်မြတ်ဆုံးသော သိမ်ကျောင်း တော်ကြီးရှိပါတယ်။ Library တွေရှိပါတယ်။ ရဟန်းသံဃာတော်တွေနေထိုင်ရာ သတင်းသုံးရာ အထပ် တွေရှိပါတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ အောက်ထပ်မှာတော့ နှစ်ဖျာသော လောကီလောကုတ် တရာအကျိုးကိုသယ်ပိုးနိုင်မယ့် ခန်းမဆောင်ကြီးဖြစ်ပါတယ်။ လူ ၄၀၀ ကျော်၊ ၅၀၀ ကျော်လောက် ဆန့်တဲ့အဆောင်ကြီးပါ။ အဲဒီကျောင်းတော်ကြီးကို ၁၀-၆-၂၀၁၄ ရက်နေ့မှာ ထိုအချိန်က သက်ဆိုင်ရာများရဲ့ ချိပ်ပိတ်ခြင်းခံခဲ့ရပြီး လုံခြုံရေးအစောင့်အကြပ်များ ထားရှိခဲ့ပါ သော်လည်းပဲ ၂-၃-၂၀၁၈ ရက်နေ့ နေ့လယ် ၁၁ နာရီမှစပြီး လုံခြုံရေးအစောင့်အရှောက်များကို ရုပ်သိမ်းခဲ့ပါတယ်။

အဲဒီလိုရုပ်သိမ်းခဲ့တဲ့အချိန်ကစပြီးတော့မှ ကျွန်တော်တို့ ခုနစ်လကျော်လောက်အကြာမှာ ကျောင်းတော်ကြီးရဲ့ ပျက်စီးယိုယွင်းနေမှုကို အနီးကပ်မြင်ရပါလိမ့်မယ်။ ကျွန်တော်တို့ အဲကွန်းတွေ ပျက်စီးနေတာ မြင်ရပါမယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီကျောင်းတော်ကြီးကို ဖောက်ထွင်းခိုးယူထား တဲ့ဥစ္စာဟာ ကျောင်းတော်ကြီးထဲမှာရှိတဲ့ ကေဗယ်ကြိုးတွေသာမက ကျောင်းတော်ကြီးရဲ့ မီးစက်ကြီးမှာ ပါ တံခါးတွေပွင့်ပြီးတော့မှ ဖျက်ဆီးထားတာကိုလည်း တွေ့မြင်ပါလိမ့်မယ်။ ဒါကတော့ လာရောက်ပြီး တော့ ပစ္စည်းတွေမပြီးယူသွားတဲ့ ကားကြီး၊ ကားငယ်အသွယ်သွယ်မှာ နောက်ဆုံးမနိုင်လို့ ထားခဲ့တဲ့ ခုံများကို ဘေးနားကသုံးထပ်ကျောင်းဆရာတော်ကနေပြီးတော့ ယာယီထိန်းသိမ်းထားတဲ့ခုံတွေပဲ ဖြစ်ပါတယ်။ ယခုဆိုလို့ရှိရင် ပီနံဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသွားတာကလည်းပဲ တစ်နှစ် ကျော်ခဲ့ပြီဖြစ်ပါတယ်။ ယခုထက်တိုင်အောင် ပတ်ဝန်းကျင်မှာနေထိုင်ကြတဲ့ ဒါယိကာ၊ ဒါယိကာမ

များနှင့် သုံးထပ်ကျောင်းဆရာတော် ရှင်ပညိန္ဒအပါအဝင် ဆရာတော်၊ သံဃာတော်များဟာ ဒီကိစ္စကို ရတက်မအေးဖြစ်နေကြပြီး ကျောင်းတော်ကြီးကို တံခါးမရှိ၊ ဓားမရှိ ဝင်ရောက်ဖျက်ဆီးခိုးယူနေကြတာ ဖြင့် ရန်သူမျိုးငါးပါးရဲ့ အန္တရာယ်ဟာ အင်မတန်ကြီးမားလာတာကို စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းတော်ကြီးကို ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု ကျွန်တော်တို့ လှူဒါန်းသမှုအစုစုကို သဲထဲရေသွန်သလို အလဟဿဖြစ်မှာကို ဒါယိကာ၊ ဒါယိကာမများနှင့် သံဃာတော်များ စိုးရိမ်ကြတဲ့အတွက် ဒီကျောင်းတော်ကြီးကို မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက် ပြီးတော့ ဘယ်အဖွဲ့အစည်းက ထိန်းသိမ်းမည်ကို သိရှိလိုပါကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ကျောင်းတော်ကြီးမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ နေ့လယ် ၁ နာရီအချိန်မှာ ကိုထွေးခေါ်ကရင်နဲ့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ နံနက် ၄ နာရီအချိန်မှာ တင်ကိုပါ လေးဦးတို့က ကျောင်းအတွင်းသို့ဝင်ရောက်ပြီး ကျောင်းပစ္စည်းများကို ခိုးယူခဲ့သဖြင့် ခိုးယူသူများကို ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာရေးမှူးက သက်ဆိုင်ရာရဲစခန်းမှာ အမှုဖွင့်ဆောင်ရွက်ခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှာ ကျောင်းပစ္စည်းများ အခိုးခံရခြင်းကိစ္စနှင့်စပ်လျဉ်း၍ နောင်တွင် ခိုးယူခြင်းမခံရရေးအတွက် လုံခြုံရေး စနစ်တကျဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ကျောင်းတော်ကြီးလုံခြုံမှုရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် အရှေ့ပိုင်း

ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပါရန် ညွှန်ကြား ထားရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ အဆိုပါ မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စနှင့် စပ်လျဉ်း၍လည်း ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ သတ္တမအကြိမ် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဌာရသမအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါတယ်။

လက်ရှိအခြေအနေအရ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဖော်ပြပါအဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ရန် (က) မဟာသန္တိသုခဗုဒ္ဓတက္ကသိုလ်နာယကအဖွဲ့၊ (ခ) မဟာသန္တိသုခကျောင်းတော် ကြီးယာယီဂေါပကအဖွဲ့ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ တာမွေမြို့နယ် နတ်ချောင်း ရပ်ကွက် မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စနှင့်စပ်လျဉ်းပြီး သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ၄၇ ပါးစုံညီ အဌာရသမအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကိုဆက်စပ်မေးခွန်းမေးခွင့်ပြုပါ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ခုနဝန်ကြီးဖြေသွားတဲ့နေရာမှာ သန္တိသုခကျောင်းတော်ကြီးလုံခြုံရေးအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှာ လုံခြုံရေးစနစ်တကျစီမံဆောင်ရွက်ထားတယ်လို့ ပြောပါတယ်။ ပြီးခဲ့တဲ့ ၁၃-၂-၂၀၁၉ ရက်နေ့မှာကို Motor ဝင်ခိုးသွားတာကို အနီးအနားမှာရှိတဲ့ ဆိုက္ကားဆရာများက လာပြီးတော့ ဆရာတော်ကို လျှောက်ထားပြီးတော့ ဒါကို မှတ်တမ်းတင်ထားတာ လည်း အဲဒီကျောင်းတော်တွေမှာ ရှိနေပါတယ်။ အဲဒီတော့ လုံခြုံရေးဆိုတဲ့နေရာတွေမှာ ဘယ်လို လုံခြုံရေးမျိုးနှင့် တည်ဆောက်မှာလဲ။ ကျွန်တော်တို့ ကာကွယ်ပေးမှာလဲ။ အရင်လိုပဲ ချိပ်ပိတ်ထားရုံနဲ့ လုံခြုံမှာဖြစ်ပါသလား။

ပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီထိန်းသိမ်းရေးအဖွဲ့ကို မဟာသန္တိသုခနာယကအဖွဲ့နှင့် ကျောင်းရဲ့ဂေါပကအဖွဲ့မှ တာဝန်ယူမယ်ဆိုတဲ့နေရာမှာ အဲဒီထိန်းသိမ်းရေးအဖွဲ့ရဲ့ နာယကအဖွဲ့ကို ဘယ်လိုပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းမှာလဲ။ ကျောင်းတော်ရဲ့ယာယီဂေါပကအဖွဲ့ကိုလည်း ဘယ်လို ပုဂ္ဂိုလ်များနှင့် ဘယ်နေ့မှစပြီး ဖွဲ့စည်းပြီး လုံခြုံရေးကိုဘယ်နေ့ကစပြီးတော့မှ ချိပ်ပိတ်တဲ့နည်းမသုံးဘဲ ဘယ်လိုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှာလဲ။ စောင့်ရှောက်တယ်ဆိုတဲ့နေရာမှာ အဆောက်အဦ

တွေကို ပြင်ဆင်ဖို့၊ အဆောက်အဦတွေကို ထိန်းသိမ်းဖို့ပါ ပါဝင်တာဖြစ်တဲ့အတွက်ကြောင့် အဲဒီအတွက် ကိုကော အစီအစဉ်ရှိပါသလားလို့ ထပ်ဆင့်မေးမြန်းလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတိုးဝင်းမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်း၍ ဆွေးနွေးတင်ပြရမယ်ဆိုရင်တော့ ခုနတုန်းက ခိုးယူမှုဖြစ်ခဲ့တယ်ဆိုတဲ့ အနေအထားကတော့ ကျွန်တော်တို့ သက်ဆိုင်ရာရဲစခန်းမှာ အမှုဖွင့်ဆောင်ရွက်ရတဲ့အနေအထားက တော့ ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ကာကွယ်ထိန်းသိမ်း မယ်ဆိုတဲ့အပိုင်းမှာတော့ စောစောကကျွန်တော်တင်ပြခဲ့သလိုပဲ နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့က ဆုံးဖြတ်ခဲ့တဲ့အတိုင်း ကျွန်တော်တို့ မဟာသင်္ဃသုခဗုဒ္ဓတက္ကသိုလ်နာယကအဖွဲ့နှင့် မဟာသင်္ဃသုခ ကျောင်းတော်ကြီးယာယီဂေါပကအဖွဲ့ကို ဖွဲ့ဖို့အတွက်ကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီအဖွဲ့ကို စီစဉ်ပြီးတဲ့အခါမှာ၊ ဖွဲ့စည်းပြီးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး သိရှိလိုတယ်ဆိုရင်တော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးဆီကို ဖွဲ့စည်ပြီးတဲ့အမိန့်ကို ကျွန်တော်တို့ အကြောင်းပြန်ကြားသွားမယ်ဆိုတာ ရှင်းလင်းဖြေကြားလိုပါတယ်။ အဆောက်အဦများ ထိန်းသိမ်းတာနဲ့ ပတ်သက်လို့က၊ အဆောက်အဦများပြင်ဆင်တာနဲ့ပတ်သက်လို့ကတော့ ဒါသည် ကျွန်တော်တို့ သာသနာရေးကနေပြီးတော့မှ ဘဏ္ဍာငွေနှင့်ဆောက်လုပ်ထားတဲ့ အဆောက်အဦ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဒါကိုတော့ အလှူရှင်များရှိလာတဲ့အနေအထားမှာ ပြင်ဆင်လိုခြင်း၊ ပြုပြင်လိုခြင်းများ ရှိလာတဲ့အချိန်မှာလည်းပဲ ကျွန်တော်တို့အနေနဲ့ စိစစ်ပြီးတော့မှ ခွင့်ပြုဆောင်ရွက် ပေးနိုင်ပါတယ်ဆိုတဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြဆရာဆရာမများ၏ လစဉ်ထောက်ပံ့ကြေးငွေကို တိုးပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်မြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာဆရာမတွေရဲ့ လစာ၊ ထောက်ပံ့ကြေးငွေကိုတိုးပေးနိုင်ခြင်းရှိ/မရှိကိုသိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေကို ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစပြီးတော့ ဆရာတော်၊ သံဃာတော်များကဦးဆောင်ဖွင့်လှစ်ခဲ့ပြီး ဗုဒ္ဓရဲ့အဆုံးအမတွေ၊ မြန်မာစာနှင့် တွက်ချက်မှုပိုင်းဆိုင်ရာအခြေခံတွေကို သင်ကြားပေးခဲ့ပါတယ်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဆရာတော်၊ သံဃာတော်များအဆင့်ဆင့်လွှဲပြောင်းဖွင့်လှစ်ခဲ့သည့်အပြင် မျက်မှောက်ခေတ်မှာဆိုရင် မူလတန်း၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်း၊ တွဲဖက်အထက်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ဘုန်းတော်ကြီးများနဲ့ နွမ်းပါးတဲ့တိုင်းရင်းသားပြည်သူတွေရဲ့ တောင်းဆိုမှုကြောင့်မို့ ယခင်က ပိတ်ထားရတဲ့ကျောင်းများကို ၁၉၈၉-၁၉၉၀ ပြည့်နှစ်မှာ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ယခုအခါမှာဆိုရင်တော့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၅၆၈ ကျောင်းရှိပြီး ဆရာဆရာမပေါင်း ၇၇၀၀ ဦးနှင့် ကျောင်းသူကျောင်းသားပေါင်းသုံးသိန်းကို ပညာသင်ကြားပေးလျက်ရှိပါတယ်။

ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ မြင်းခြံမြို့နယ်မှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအားလုံးပေါင်း ၃၀ ရှိပါတယ်။ ဒီကျောင်းသူကျောင်းသားများကို ပညာတင်မကဘဲနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကွန်ပျူတာသင်တန်းတွေ၊ စာစီစာရိုက်သင်တန်းတွေ နောက်ပြီးတော့ ကွန်ပျူတာကိုပြင်တဲ့ပညာတွေကစပြီးတော့ သင်ပေးခဲ့ပါတယ်။ အားကစားနဲ့ပတ်သက်လို့ဆိုရင် မြို့နယ်ပရဟိတအဖွဲ့တွေရဲ့အကူအညီနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာရှိတဲ့ကလေးတွေကို Tennis ကစားနည်းသင်ပေးခဲ့ပါတယ်။ အဲဒီ Tennis ကစားနည်းသင်ပေးတဲ့အတွက်ကြောင့်မို့လည်း ကလေးတွေက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံမှာကျင်းပတဲ့ Tennis အားကစားပြိုင်ပွဲမှာလည်း ဆုအသီးသီးရရှိခဲ့တာကို တွေ့ရှိရပါတယ်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ ဆင်းရဲနွမ်းပါးပြီး ပညာသင်ယူရန်အခက်အခဲရှိတဲ့ ကလေးတွေရဲ့ ပညာရေးကိုရှေးရှုပြီး ပရဟိတစိတ်ထက်သန်တဲ့ ဆရာတော်တွေကနေမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို တည်ထောင်ဖွင့်လှစ်ခြင်းပဲဖြစ်ပါတယ်။ ဆရာဆရာမတွေ

ရဲ့မေတ္တာ၊ စေတနာကိုကျေးဇူးတုံ့ပြန်ခြင်းအနေဖြင့် နိုင်ငံတော်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ လစဉ်ထောက်ပံ့ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ဆရာဆရာမ ၈၂၅၀ ဦးအတွက် ကျပ် ၃.၁၁ ဘီလီယံထောက်ပံ့မှုပေးခဲ့ပါတယ်။ မူလတန်းပြဆရာတစ်ဦးကို ၃၆၀၀၀ ကျပ်နှုန်း၊ အလယ်တန်းပြ တစ်ဦးကို ၄၁၀၀၀ ကျပ်နှုန်း၊ အထက်တန်းပြဆရာတစ်ဦးကို ၄၅၀၀၀ ကျပ်နှုန်းနဲ့ ထောက်ပံ့လျက် ရှိပါတယ်။

သို့သော် ဒီကနေ့ခေတ်အခြေအနေအရလည်းကောင်း မူလတန်းပြဆရာတစ်ယောက်ရဲ့ သတ်မှတ်ထားတဲ့လစာနှုန်းနဲ့ဆိုရင် အင်မတန်မှကွာခြားနေမှာဖြစ်ပါတယ်။ အဲဒီထောက်ပံ့ငွေတွေဟာ ဒီနေ့အခြေအနေနဲ့ဆိုရင် အင်မတန်မှနည်းပါးနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာ လုပ်နေတဲ့ တချို့ဆရာမများဆိုရင် နေ့မှာစာသင်ပြီးရင် ကျွန်တော်တို့မြင်းခြံမှာ ဆေးလိပ်လုပ်ငန်းတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ညမှာဆေးလိပ်လုပ်ငန်းကို တစ်ဖက်ကနေမှ ဝင်ရောက်လုပ်ကိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဆရာဆရာမတွေရဲ့အခက်အခဲပြဿနာတွေကို ရင်ဆိုင်နေရတဲ့အတွက် ကြောင့်မို့လို့ အဲဒီအဆင့်ဆင့်သော ဆရာဆရာမများ၊ ထက်/လယ်/မူမှာတာဝန်ကျနေတဲ့ ဆရာဆရာမ များရဲ့ထောက်ပံ့ကြေးငွေကို ဘယ်လောက်ထိတိုးပေးမယ်။ ဘယ်လမှစပြီးတော့ မည်သည့် ပညာသင်နှစ်မှစ၍ ထောက်ပံ့မှုတိုး၍ ပေးနိုင်/မပေးနိုင်နဲ့၊ အဲဒီလို တိုးပေးမယ်ဆိုရင်လည်း ဘယ်အတိုင်းအတာထိပေးမလဲ။ တကယ်လို့တိုးမပေးနိုင်ဘူးဆိုရင်လည်း မည်သည့်အတွက်ကြောင့် တိုးပေးနိုင်ခြင်းမရှိတာကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပါမယ် ခင်ဗျား။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဖြစ် စတင်ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် အဆိုပါကျောင်းများသည် ကျူးကျော်ကျောင်းမဟုတ်ခြင်း၊ ကျောင်းဆောင်အဆောက်အဦနှင့် ကျောင်းသုံးပရိဘောဂပြည့်စုံခြင်း၊ အရည်အချင်းပြည့်မီသော ဆရာ

ဆရာမအင်အားရှိခြင်း၊ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်နိုင်သည့်ကျောင်းဖြစ်ခြင်းတို့နှင့် ပြည့်စုံရမည့်အပြင် ကိုယ့်အားကိုယ်ကိုးရေရှည်ရပ်တည်နိုင်ခြင်း၊ ရန်ပုံငွေရရှိမှုအခြေအနေစသည့်အချက်များကို စိစစ်၍ စတင်ဖွင့်လှစ်သင်ကြားခွင့်ပြုခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ စတင်ခွင့်ပြုသည့်အချိန်မှစ၍ မိမိအစီစဉ်ဖြင့်ရပ်တည်ခဲ့ကြသော်လည်း နိုင်ငံတော်အစိုးရမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကျောင်းအုပ်ဆရာတော်ကြီးများ အထောက်အပံ့ဖြစ်စေရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ကျပ်သန်း ၃၀၀၀ ခွင့်ပြုပေးခဲ့ပါတယ်။ ရရှိလာတဲ့ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေများကို ကျောင်းသားဦးရေ ၄၀ လျှင် ဆရာဆရာမတစ်ဦးနှုန်းသတ်မှတ်၍ မူလတန်းသင်ဆရာဆရာမတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀၊ မူလတန်းလွန်နှင့် အလယ်တန်းသင်ဆရာဆရာမတစ်ဦးလျှင် ငွေကျပ် ၄၁၀၀၀ နှင့် အထက်တန်းသင်ဆရာဆရာမ တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းကို ထောက်ပံ့ကြေးအဖြစ်ထောက်ပံ့ခဲ့ပါတယ်။ လက်ရှိထောက်ပံ့ပေးနေသောငွေ၏ နှစ်ဆဖြစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်းသင် ဆရာဆရာမတစ်ဦးလျှင် ငွေကျပ် ၇၂၀၀၀၊ မူလတန်းလွန်နှင့် အလယ်တန်းသင် ဆရာဆရာမတစ်ဦးလျှင် ငွေကျပ် ၈၂၀၀၀ နှင့် အထက်တန်းသင်ဆရာဆရာမတစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့်တိုးမြှင့်ထောက်ပံ့ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ လျာထားရေးဆွဲ တင်ပြခဲ့သော်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မူဘောင်သတ်မှတ်ချက်အရ ထပ်မံတိုးပေးနိုင်ခဲ့ခြင်းမရှိပါ၍ ယခုနှုန်းထားအတိုင်း ဆက်လက်ထောက်ပံ့ခဲ့ရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာဆရာမများ ထောက်ပံ့ငွေကို ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ ထောက်ပံ့ပေးနိုင်ခြင်းဖြစ်ပါသဖြင့် လောလောဆယ်လက်ရှိ တိုးမြှင့်ပေးနိုင်ခြင်းအစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်အတွေ့အကြုံရှင်းလင်းတင်ပြခြင်းအား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က လွဲမှားသည့်အယူအဆဖြင့် ကန့်သတ်ချက်များကို ထုတ်ပြန်ညွှန်ကြားခြင်းသည် ပြဋ္ဌာန်းထားသည့်ဥပဒေများကို မျက်ကွယ်ပြုရာရောက်သဖြင့် အလားတူမဖြစ်စေရေး မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တစ်နိုင်ငံလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ပြဋ္ဌာန်းထားတဲ့ဥပဒေများကို မျက်ကွယ်ပြုလုပ်ဆောင်မှုများကို ထိန်းကျောင်းပေးစေလိုတဲ့ဆန္ဒနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ခုရပ်နားတဲ့ကာလတိုင်းမှာ လွှတ်တော်အတွေ့အကြုံတွေကို မိမိမဲဆန္ဒနယ်မြေမှာရှိတဲ့ ပြည်သူတွေကိုချပြရှင်းလင်းလျက်ရှိပါတယ်။ ဒါဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၄) လွှတ်တော်ကိုယ်စားလှယ်များပုဒ်မ ၉ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်များစာပိုဒ်(စ)မှာ မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်းလို့ ပါပါတယ်။ ဒီအတွက် ဥပဒေတွေနဲ့အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။ ဒီလိုရှင်းလင်းပွဲအခမ်းအနားပြုလုပ်တဲ့အခါတိုင်းမှာ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂ ရပိုင်ခွင့်နှင့်အခွင့်အရေး စာပိုဒ်ခွဲ(စ)မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်နှင့်တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့်လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံမှဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံမှဖြစ်စေ တောင်းယူခွင့်ရှိခြင်းဟု ပြဋ္ဌာန်းထားတဲ့အတွက် ဒီအတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နဝမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးပြီးဆုံးလို့ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူတွေကို လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲပြုလုပ်ဖို့အစီအစဉ်ဆောင်ရွက်တဲ့အခါမှာတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနား ဘယ်သူ့ကိုလုပ်မှာလဲ၊ ပြည်သူကိုရှင်းမှာလား၊ မဲဆန္ဒရှင်ကိုရှင်းမှာလား၊ လုပ်ထုံးလုပ်နည်းနဲ့အညီသာ ဆောင်ရွက်ပါရန် ၎င်းရှင်းလင်းပွဲ

အသံဖိုင်၊ ဗီဒီယိုဖိုင်၊ အစီရင်ခံစာပြန်တင်ပြရန် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူကိုပဲဖိတ်ပြီး ပါတီကိုမဖိတ်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေးပိုင်းကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် စီစဉ်ရုံစီစဉ်ပေးရန်ဆိုပြီးတော့ ဒီလိုမှတ်ချက်ပြု ညွှန်ကြားလာပါတယ်။ ဒီညွှန်ကြားချက်ကြောင့် ဘယ်သူတွေက ဘယ်သူ့ကိုရှင်းမှာလဲ၊ ဘယ်သူတွေကို ဖိတ်မှာလဲ၊ အခမ်းအနားတွေကို ဘယ်သူကစီစဉ်မှာလဲ၊ ပါတီကိုမဖိတ်ရဘူးဆိုတာ ဘယ်ပါတီကို ပြောတာလဲ၊ ဘယ်သူတက်ရမှာလဲ၊ မတက်ရင်ဘာဖြစ်မလဲ၊ ဗီဒီယိုရိုက်အသံဖမ်းရင် ဘာတွေဖြစ်မှာလဲ၊ လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းဟာ ကိုယ်စားလှယ်က အုပ်ချုပ်ရေးပိုင်းကို ဝင်ရောက်စွက်ဖက် တာလား စတဲ့မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်များကိုယ်တိုင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပုဂ္ဂိုလ်တွေကိုတွေ့ပြီးတော့ ပါတီနိုင်ငံရေးကိစ္စနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တာဝန် ခွဲခြားသိမြင်ဖို့ ရှင်းလင်းပြခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး အခန်း(၁၃)ပုဒ်မ ၆၂ မှာဖော်ပြထားတာရှိပါတယ်။ ဒါကြောင့် မြို့မိမြို့ဖ၊ လူထုနဲ့အားလုံးညှိနှိုင်း ပေါင်းစပ်ပြီးတော့ ရှင်းလင်းပွဲတစ်ခုကို ကြိုးစားပြီးတော့ ကျွန်တော်တို့လုပ်ခဲ့ရပါတယ်။ ကိုယ်စားလှယ် တွေနဲ့ အုပ်ချုပ်ရေးပါတီ၊ ပါတီများ၊ ပြည်သူများအကြားမှာ အထက်ပါမေးခွန်းတွေ ထင်မြင်ယူဆချက် တွေအမျိုးမျိုးဖြစ်လာမှုကို မှန်ကန်စွာသိမြင်ဖို့အတွက် ဒီရှင်းလင်းပွဲမှာပဲ ဥပဒေ၊ ပုဒ်မတွေ၊ ညွှန်ကြားချက်တွေနဲ့ ရှင်းလင်းပြခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများနှင့် နိုင်ငံသား တို့ရဲ့မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ ၃၅၃ မှာ မည်သူ့ကိုမျှ တရားဥပဒေနှင့်အညီမှအပ အသက် ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုဖြစ်စေ၊ နစ်နာဆုံးရှုံးမှုမရှိစေရလို့ ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၅၄ မှာလည်း မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်တွေကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့် ပေးအပ်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံသားတွေဖြစ်တဲ့အပြင် လွှတ်တော်ရဲ့ ကိုယ်စားလှယ်တွေအဖြစ် ရွေးချယ်ခံထားရသူတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်အရ၊ ဥပဒေအရ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကို လစ်လပ်စွာ ဆောင်ရွက်ခွင့်ကို ယခုကဲ့သို့ တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရမှ ညွှန်ကြားချက်ထုတ်ပြန်ကန့်သတ်ခြင်းဟာ ဥပဒေကိုမျက်ကွယ်ပြုရာ ရောက်နေပါတယ်။ ဒါ့ကြောင့် ပြည်သူ့ကိုယ်စားလှယ်များရဲ့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲအပါအဝင် ကျွန်တော်တို့ရဲ့ လုပ်ငန်း တာဝန်တွေနဲ့ ဥပဒေအရဆောင်ရွက်မှုများအပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေများကို

မျက်ကွယ်ပြုပြီး ကန့်သတ်ထိန်းချုပ်ခြင်းများ နောင်အလားတူမဖြစ်ပေါ်စေဖို့အတွက် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိတဲ့ လွှတ်တော်အတွေ့အကြုံရှင်းလင်းတင်ပြခြင်းအား သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့က လွဲမှားသည့်အယူအဆဖြင့် ကန့်သတ်ချက်များ ထုတ်ပြန်ညွှန်ကြားခြင်းသည် ပြဋ္ဌာန်း ထားသည့်ဥပဒေများကို မျက်ကွယ်ပြုရာရောက်သဖြင့် နောင်အလားတူမဖြစ်စေရေး မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်မည်ကိုသိရှိလိုခြင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)** ။ ။ အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရှင်းလင်းတင်ပြချက်အပေါ်မှာ Power Point ဖြင့် အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၄) ပုဒ်မ ၉ ပုဒ်မခွဲ(စ)မှာ မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံများ ပြန်လည်ရှင်းလင်း တင်ပြခြင်းဟူ၍လည်းကောင်း၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(စ)မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိ မဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့်တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့်လိုအပ်ချက်များကို မိမိအစီအစဉ် ဖြင့်ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စများနဲ့စပ်လျဉ်း၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲအား ပထမအကြိမ် ၃-၇-၂၀၁၈ ရက်နေ့တွင် အမေထိန်းခန်းမမှာ ကျင်းပခဲ့ပါတယ်။ ထိုသို့ ပထမအကြိမ် လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲဆောင်ရွက်ရာမှာ ပျော်ဘွယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အခမ်းအနား ပြင်ဆင်ပေးခြင်း၊ အခမ်းအနားမှူးများစီစဉ်ပေးခြင်းနှင့် Power Point နဲ့ဖော်ပြပါပုဂ္ဂိုလ်များ ဖိတ်ကြားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဖော်ပြပါအတိုင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ဖိတ်ကြားပေးခဲ့တာဖြစ်ပါတယ်။ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာအကြီးအကဲ ၃၈ ဦး၊ နိုင်ငံရေးပါတီသုံးခုက ၁၅ ဦး၊ မြို့မိမြို့ဖများ ၁၀ ဦး၊ မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ငါးဦး၊ ရပ်ကွက်ကိုးရပ်ကွက်ရဲ့ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုများ ၄၅ ဦးနဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနဲ့ ကျေးရွာခွဲတာဝန်ခံများ ၃၁၇ ဦး စုစုပေါင်း ၄၃၀ ကို ကျွန်တော်တို့ ဖိတ်ကြားပေးပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေးနဲ့ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့ရဲ့ ဒုတိယအကြိမ် လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲကို ၇-၁၀-၂၀၁၈ ရက်နေ့မှာ အမေထိန်းခန်းမမှာပဲ ကျင်းပပြုလုပ်ခဲ့ရာမှာ လည်း အခမ်းအနားပြင်ဆင်ခြင်း၊ အခမ်းအနားမှူးများစီစဉ်ပေးခြင်းနှင့် Power Point စီစဉ်ပေးခြင်း၊ ဖော်ပြပုဂ္ဂိုလ်များ ဖိတ်ကြားခြင်းတို့ကို ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဖော်ပြပါအတိုင်း စုစုပေါင်း ၄၃၈ ဦး တက်ရောက် ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပျော်ဘွယ်မြို့နယ်မှာ ရပ်ကွက်ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကျေးရွာ ၃၁၇ ရွာတည်ရှိပြီး လူဦးရေအနေဖြင့် မြို့ပေါ်တွင် အိမ်ထောင်စု ၆၂၉၂ စု၊ လူဦးရေ ၃၁၂၂၆ ဦး၊ ကျေးရွာများတွင် အိမ်ထောင်စု ၅၃၂၀၇ စု၊ လူဦးရေ ၂၄၅၄၀၈ မှီတင်းနေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(စ)တွင် မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအား ညှိနှိုင်းဆောင်ရွက်နိုင်တယ်လို့ ပြဋ္ဌာန်းထားပြီး ဖြစ်သောကြောင့် လိုအပ်မှသာ စီစဉ်ပေးရမယ်ဆိုတဲ့ မှတ်ယူရမှာဖြစ်တဲ့အတွက် ရှင်းလင်းပွဲနှင့် ပတ်သက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှဖြစ်မြောက်အောင်

ဆောင်ရွက်ပေးရတဲ့ သဘောမသက်ရောက်စေရေး၊ နိုင်ငံရဲ့အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြား သုံးစွဲခြင်းဆိုတဲ့ အခြေခံသဘောတရားများနှင့် ညီညွတ်စေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် စီစဉ်ပေးရန်ဆိုပြီးတော့ မှတ်ချက်ပြုညွှန်ကြား ခဲ့ခြင်းသာဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ပျော်ဘွယ်မြို့နယ်အုပ်ချုပ် ရေးမှူးကို ဒီကိစ္စနှင့်စိစစ်ခဲ့ပါတယ်ခင်ဗျား။ ပျော်ဘွယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းထွန်းဖြစ်ပြီး တော့မှ သူ့အနေနဲ့ အထက်ဖော်ပြပါအတိုင်း စီစဉ်ပေးခဲ့ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ ဒီပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ လိုအပ်တာကို ကူညီပေးဖို့ ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးဖို့လည်း ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးကိစ္စများ၊ မြေယာစီမံခန့်ခွဲရေးကိစ္စများ၊ ဥပမာ-လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်း မှုများကြောင့် စိစစ်ရေးကိစ္စများမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တလေးတစား ဖိတ်ကြားပြီး တော့မှ ဆောင်ရွက်ဖို့လည်း နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ လမ်းညွှန် မှုအရ ညွှန်ကြားထားရှိပါတယ်။ ဆက်လက်ပြီးတော့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအပေါ် မှာ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေနဲ့ ဥပဒေနှင့်အညီ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အခုပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး ရှင်းလင်းတင်ပြချက်က ကျွန်တော့်မေးခွန်းနှင့် သိပ်တော့ဆက်ဆိုင်မှုမရှိသလို ဖြစ်ပါတယ်။ ကျွန်တော် မေးထားတာက တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအပေါ်မှာ ဥပဒေကိုမျက်ကွယ်ပြုပြီး ဆောင်ရွက်ချက်ကို ကျွန်တော်ထိန်းကျောင်းပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လုပ်ဆောင်ချက်ကို မေးမြန်းခြင်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်ကို Power Point လေး ပြန်သုံးခွင့်ပြုပါ။ ဒါဟာ တိုင်းဒေသကြီးအစိုးရက တရားဝင် ခရိုင် နှင့်မြို့နယ်ကို ညွှန်ကြားထားတဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ ခုနက Power Point မှာတော့ အားနာ သောအားဖြင့် လိုအပ်ချက်လေးပဲ ထုတ်ပြတာဖြစ်ပါတယ်။ ဒါတရားဝင်စာဖြစ်ပါတယ်။ အဲဒီထဲမှာ

ရေးထားတာကို အခုလို သေသေချာချာ တစ်လုံးချင်းဖတ်ကြည့်လို့ရှိရင် ဘယ်လိုသဘောရှိနေတယ်။ ဒီစာဟာ ဘယ်အဆင့်ရှိတယ်ဆိုတာ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်တတ်သူတိုင်း သိမြင်နိုင်ပါတယ်။ နောက်ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ် အတွေ့အကြုံရှင်းလင်းမှုအပေါ်မှာ တိုင်းဒေသကြီး အစိုးရဟာ ခုနကကျွန်တော်ဦးသောင်းအေးကို ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့လွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်ပေးထားတဲ့ အမိန့်၊ တာဝန်၊ ညွှန်ကြားချက်တွေအပေါ်မှာ အခုလို ကန့်သတ်ဆောင်ရွက်ချက်တွေကို ကျွန်တော်က ထိန်းချုပ်ပေးဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကို နားလည်အောင်၊ ရှင်းလင်းအောင် ကျွန်တော်ထပ်ပြီးတော့ တင်ပြရမယ်ဆိုရင် ဒီတိုင်းဒေသကြီးအစိုးရက လုပ်ဆောင်ချက်အပေါ်မှာ ဒီစာသားအပေါ်မှာ ပြန်ကြည့်ရင် မည်သူတွေကိုရှင်းလင်းရမလဲဆိုတာ မသိတာလား။ မသိချင်ယောင်ဆောင်တာလား။ ပြည်သူနဲ့မဲဆန္ဒရှင်ခဲ့ပြီး ဘယ်လိုဖိတ်ရမှာလဲ။ မဖိတ်နဲ့ဆိုတဲ့တားမြစ်လိုက်တဲ့ ပါတီတွေကရော ပြည်သူတွေမဟုတ်ဘူးလား။ ဘာကြောင့်မဖိတ်ဖို့ တားမြစ်တာလဲ။ တားမြစ်ခွင့်ရောရှိသလား။ အသံဖိုင်၊ ဗီဒီယိုင်ဖိုင်ရိုက်ကူးခိုင်းခြင်းဟာ နိုင်ငံသားတစ်ဦးရဲ့ လွတ်လပ်ခွင့်ကို ထိန်းချုပ်လိုခြင်းမဟုတ်ဘူးလား။ လွတ်လပ်မှုကို နစ်နာဆုံးရှုံး အောင်လုပ်တာ မဟုတ်ဘူးလား။ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကာကွယ်ပေးရေးဥပဒေက အသံဖမ်း၊ ဗီဒီယိုရိုက်ခြင်းက ဥပဒေကိုဆန့်ကျင်တာမဟုတ်ဘူးလား။ ကျွန်တော်တို့ ဥပဒေမှာ ဒီလို ပြဋ္ဌာန်းထားတာတွေရှိပါတယ်။ နိုင်ငံသားတိုင်းဟာ လွတ်လပ်မှုနှင့် လူပုဂ္ဂိုလ်လုံခြုံမှုကို အပြည့်အဝခံစားခွင့်ရှိပါတယ်။ နောက် ကျွန်တော်တို့ရဲ့ ပြောဆိုဆောင်ရွက်မှုတွေအပေါ်မှာ ဒီလုံခြုံမှုအန္တရာယ်အယှက်ပေးနိုင်တဲ့ အသံဖမ်းတာတွေ၊ ဗီဒီယိုရိုက်တာတွေ ကျွန်တော်တို့ တားမြစ်ထားပါတယ်။ ဒါကို သုံးသပ်ကြည့်မယ်ဆိုရင် တိုင်းဒေသကြီးအစိုးရရဲ့လုပ်ဆောင်ချက်က ဥပဒေကိုမျက်ကွယ်ပြုရာ ရောက်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရကဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကြီးက ဖြစ်စေ၊ ကိုယ်စားလှယ်တွေရဲ့ ဥပဒေနှင့်အညီ တာဝန်အရ ဆောင်ရွက်ခြင်းအပေါ်မှာ အခုလိုမလိုလားအပ်တဲ့ ထိန်းချုပ်ကန့်သတ်မှုများမလုပ်ရန် အကြောင်းကြားပါသည်ဆိုတဲ့ စာလေးတစ်စောင်လောက်ကို တိုင်းဒေသကြီးအစိုးရကို ထုတ်ပြန်ပေးနိုင်ပြီး ထိန်းကျောင်းဖို့အစီအစဉ်ရှိ/မရှိ ကျွန်တော်ဆက်စပ်မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ အဲဒီတော့ ခုနက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသောင်းအေးပြောကြားသွားတာနှင့်ပတ်သက်ပြီးတော့

မှ ဒီသက်ဆိုင်ရာဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့များကို ညွှန်ကြားနိုင်ဖို့ဆိုတာကတော့ ဒီအစိုးရအဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စအပေါ်မှာလည်း ကျွန်တော့်အနေနဲ့ အခု လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်အပေါ်မှာ တိုင်းဒေသကြီး/ပြည်နယ်များကို ညွှန်ကြားနိုင်ဖို့ဆိုတာကို ကျွန်တော် ဆက်လက်ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးကတစ်ဆင့် တင်ပြသွားပါမယ်ခင်ဗျား။ လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုအား နမ့်လန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ကြိုးစားဆောင်ရွက်နေကြပါသော်လည်း မည်သည့်အခက်အခဲများကြောင့် ကြန့်ကြာနေရပါသနည်း၊ မည်သည့်ကာလတွင် နမ့်လန်မြို့အဖြစ် သတ်မှတ်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းရှိ နမ့်လန်ကျေးရွာအုပ်စုကို နမ့်လန်မြို့အဖြစ်တိုးချဲ့ဖွဲ့စည်းနိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး နမ့်လန်ဒေသခံပြည်သူများက ကြိုးပမ်းဆောင်ရွက်နေကြပေမဲ့လည်း အဘယ်သို့သောအခက်အခဲတွေကြောင့် ကြန့်ကြာနေရပါသလဲ။ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဘယ်ကာလလောက်မှာ နမ့်လန်မြို့အဖြစ်ကို ဘယ်လို၊ ဘယ်ပုံသတ်မှတ်ပေးပါမလဲဆိုတာကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စားမေးမြန်းရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁/၁-၂(၄၇၇)/ဦး ၁(အထဥ) ဆိုတဲ့ အမှုတွဲစာကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်ရဲ့လက်မှတ်နဲ့ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြထားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအမှုတွဲမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာနဲ့အတူ ရှမ်းပြည်နယ်အစိုးရရဲ့ အစည်းအဝေးမှတ်တမ်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့သဘောတူ ထောက်ခံချက်၊ မူလသီပေါမြို့နယ်မြေပုံပြုပြင်ဖွဲ့စည်းမည့် သီပေါမြို့နယ်မြေပုံ၊ မူလနမ့်လန်ကျေးရွာအုပ်စုမြေပုံ၊ ပြုပြင်ဖွဲ့စည်းပြီး

ဟိုစန့်ကျေးရွာအုပ်စုမြေပုံနဲ့ ပြုပြင်ဖွဲ့စည်းပြီး နမ့်လန်မြို့မြေပုံတို့ ပူးတွဲပါရှိပြီးဖြစ်ကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒေသခံပြည်သူတွေတောင်းဆိုနေကြတဲ့ နမ့်လန်မြို့တိုးချဲ့ဖွဲ့စည်းနိုင်ရေးကို နမ့်လန်ကျေးရွာအုပ်စုအပြင် ကိုစန့်ကျေးရွာအုပ်စုကို ပေါင်းစည်းပြီး နမ့်လန်မြို့အဖြစ်တောင်းဆိုကြတာ ဖြစ်ပါတယ်။ သီပေါမြို့ရဲ့တောင်ဘက် ၂၈ မိုင်ခန့်ကွာဝေးပါတယ်။ ဒေသထွက်ကုန်အများအပြားထွက်တဲ့ဒေသလည်း ဖြစ်ပါတယ်။ နမ့်လန်-လားရှိုး၊ နမ့်လန်-မူဆယ်၊ နမ့်လန်-မန္တလေး၊ နမ့်လန်-သီပေါ၊ နမ့်လန်-ကျောက်မဲစတဲ့ ယာဉ်ကြီးယာဉ်ငယ် မော်တော်ယာဉ်လိုင်းတွေရှိပြီး နောင်မျှားမကြာမီမှာ နမ့်လန်-ကျောက်ဂူ-ရပ်စောက်ကားလမ်းကလည်း ရာသီမရွေးသွားလာနိုင်တဲ့အဆင့်အထိ ပြီးစီးခဲ့မယ်ဆိုလို့ရှိရင် နမ့်လန်-တောင်ကြီးမော်တော်ယာဉ်လိုင်းများလည်း ပြေးဆွဲလာနိုင်မယ့်အခြေအနေရှိပါတယ်။ နမ့်လန်ကျေးရွာအုပ်စုက အိမ်ထောင်စုပေါင်း ၄၀၀၀ ကျော်ရှိပြီး လူဦးရေအားဖြင့် ၂၀၀၀၀ ခန့်ရှိပါတယ်။ နမ့်လန်ကျေးရွာအုပ်စုရဲ့အနီးပတ်ဝန်းကျင်က ကျေးရွာအုပ်စုတွေရဲ့အခြေအနေတွေကိုပါ ထည့်တွက်ရင် အိမ်ထောင်စုပေါင်း ၇၀၀၀ ခန့်နှင့် လူဦးရေ ၃၀၀၀၀ ခန့် ထပ်မံပိုမိုလာမှာဖြစ်ပါတယ်။ နမ့်လန်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ (အလယ်ပိုင်း)တွေကို အလွယ်တကူဆက်သွယ်သွားလာနိုင်တဲ့အနေအထားမှာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ထုံးလုပ်နည်းတွေအရ တင်ပြထားပြီးဖြစ်ပေမဲ့လည်း မြို့အဖြစ် ပြုပြင်ဖွဲ့စည်းရာမှာပါဝင်တဲ့ လယ်မြေတွေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို အခြားနည်းသုံးစွဲနိုင်ဖို့တင်ပြရာမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)၊ နည်းဥပဒေ ၈၉ အရ ပြည်နယ်အစိုးရအဖွဲ့ရဲ့ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိဖို့လိုအပ်တာ၊ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၈၊ နည်းဥပဒေ ၁၇ အရ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ခွင့်ပြုမိန့်ရယူဖို့လိုအပ်တာတွေကြောင့် ပြန်လည်စိစစ်ပြီး ဆောင်ရွက်နိုင်ဖို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးကနေပြီး ၂၈-၆-၂၀၁၆ ရက်နေ့မှာ အခြားနည်းအသုံးပြုခွင့်ရရှိအောင်တင်ပြဖို့ ညွှန်ကြားခဲ့ပါတယ်။ ညွှန်ကြားချက်အရ ဆက်လက်ဆောင်ရွက်ရာမှာ လယ်ယာမြေ ၅၇၄.၅၅ ဧကအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့(တောင်ကြီးမြို့)ကနေပြီး ၅-၇-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၇၅၅၉/၆-၆၃၃/အစရ(ရှမ်း)နဲ့ အခြားနည်းအသုံးပြုခွင့်ပေးပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် တောရိုင်းမြေ ၁၁၁.၃၅ ဧကကို နမ့်လန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်လှိုင်ကနေပြီး ၂၄-

**မူကြမ်း**

၇-၂၀၁၆ ရက်စွဲနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီထံ လျှောက်ထားခဲ့ပြီး အဲဒီလိုလျှောက်ထားခဲ့တဲ့အပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်တွေနဲ့အညီ အဆင့်ဆင့်စိစစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး(သီပေါမြို့)ရဲ့ ၆-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၀၀၅/မအ-၆(၂၀၁၇)နဲ့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ထံ တင်ပြခဲ့ရာ ခရိုင်ဌာနမှလည်း ၂၄-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၁၁/မအ-၄ နဲ့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဌာနထံ ပေးပို့ထားပြီး တောရိုင်းမြေ ၁၁၁.၃၅ ဧကဟာ မြေလွတ်၊ မြေရိုင်း ကော်မတီအနေနဲ့ ခွင့်ပြုမိန့်ထုတ်ပေးဖို့ ကျန်ရှိနေတာကို သိရပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းရှိ နမ့်လန်ကျေးရွာအုပ်စုကို နမ့်လန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်း နိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး နမ့်လန်ဒေသခံများက အထက်ဖော်ပြပါအတိုင်း ကြိုးပမ်းဆောင်ရွက်နေ ကြပေမဲ့လည်း အဘယ်သို့သောအခက်အခဲတွေကြောင့် ကြန့်ကြာနေရပါသလဲ။ လုပ်ထုံးလုပ်နည်းတွေ နဲ့အညီ ဘယ်ကာလလောက်မှာ နမ့်လန်မြို့အဖြစ်ကို ဘယ်လို၊ ဘယ်ပုံကို သတ်မှတ်ပေးနိုင်ပါမလဲ ဆိုတာကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ သီပေါ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်မှ ရှင်းလင်းတင်ပြမှာ ဖြစ်ပါ တယ်။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၄ ရွာစုစည်းပြီးတော့ ရပ်ကွက် ၁၄ ရပ်ကွက်ပါ ပါဝင်တဲ့ နမ့်လန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီး အမှုတွဲအား ရှမ်းပြည်နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၈-၁၁-၂၀၁၅ ရက်စွဲပါစာဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)ကို တင်ပြခဲ့ပါတယ်။ ထိုသို့တင်ပြခဲ့မှုအပေါ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ စိစစ်ခဲ့ရာ မြို့တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ယာမြေ ၅၇၁.၅၅ ဧကနှင့် တောရိုင်းမြေဧရိယာ ၁၁၁.၃၅ ဧကကို မြေအမျိုးအစားသတ်မှတ်ချက်အပေါ်မူတည်ပြီးတော့မှ မြို့ရွာမြေအဖြစ် အသုံးပြု

နိုင်ရေးကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်ရှင်းလင်းချက်မှာ Power Point အသုံးပြု ခွင့်ပြုပါခင်ဗျား။ မြို့မြေ၊ ရွာမြေအဖြစ် အသုံးပြုနိုင်ရေးအတွက်ကို မြေအမျိုးအစားခွင့်ပြုမိန့်များ လိုအပ်လျက်ရှိတဲ့အတွက်ကြောင့် ပြန်လည်ပေးပို့ဖို့အတွက်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ၁၅-၆-၂၀၁၆ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါတယ်။ ယခုအခါမှာ ယာမြေ ၅၇၁.၅၅ ဧကအတွက် အခြားနည်းအသုံးပြုခွင့်ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော်လည်း တောရိုင်းမြေဧရိယာ ၁၁၁.၃၅ ဧကအတွက် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးကို ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ၁၇-၇-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၂၁၄/၁ မလယ(၂၀၁၈)ဖြင့် တင်ပြထားကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ နမ့်လန်မြို့အဖြစ်သတ်မှတ်ပေးနိုင်ရေးအတွက် အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်လိုအပ်လျက်ရှိတဲ့ တောရိုင်းမြေဧရိယာ ၁၁၁.၃၅ ဧကကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနအဆင့်ဆင့်ကို တင်ပြပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ အခုဝန်ကြီးလာရောက်ဖြေကြားတဲ့အပေါ်မှာလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရဲ့မေးခွန်းမှာ မေးထားတဲ့အတိုင်းပါပဲ။ ပြဿနာဖြစ်နေတာက တောရိုင်းမြေအတွက် ကျန်နေတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်ကတည်းကလည်း ဒါကို အောက်ခြေပိုင်းမှာလည်း ကြိုးစားဖြေရှင်းပြီးတော့ အထက်ကိုလည်း စာတွေတင်ထားပြီးသားဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှာလည်း ဒါတွေကိုစိစစ်ပြီးတော့ အထက်ကိုတင်ပြထားပြီးလည်း ကြားသိရပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ ဘယ်နေရာမှာ ဘယ်လိုအခက်အခဲတွေနဲ့ ဘယ်လိုကြန့်ကြာနေတာကို သိချင်တဲ့အတွက် ကျွန်တော်က ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အခုဝန်ကြီးဖြေသွားတဲ့အထဲမှာ အဲဒီအပိုင်းကို မကြားမိရပါဘူးခင်ဗျား။ အထက်ကိုပဲ ဆက်လက်တင်ပြမယ်ဆိုပြီးတော့ ရှမ်းပြည်နယ်အစိုးရရဲ့ကိုယ်စား ဖြေကြားထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်မေးခွန်းရဲ့ ဆိုလိုချက်ကို ထပ်မံဖြေကြားပေးပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခုနက လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များကနေပြီးတော့မှ ရပ်ကွက်များ၊ ကျေးရွာများ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ သတ်မှတ်ခြင်းများကို ဦးစွာပထမစပြီးတော့ တင်ပြရတာဖြစ်ပါတယ်။ အဲဒီလို တင်ပြတဲ့အခါမှာ တိုးချဲ့မယ့်မြေအမျိုးအစားအပေါ်မူတည်ပြီး စိစစ်ရတဲ့အတွက်ကြောင့် အခက်အခဲများဖြစ်ပါတယ်။ တိုးချဲ့ရမယ့်မြေသည် မြေအမျိုးအစားများစွာရှိပါတယ်ခင်ဗျား။ လယ်ယာမြေဆိုရင်လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရလည်းကောင်း၊ သစ်တောမြေဆိုရင်လည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့သစ်တောဥပဒေအရ Forest Reserve Area လား။ Forest Protective Area လားစသည်ဖြင့် ဒီအပေါ်မှာမူတည်ပြီးတော့ ဥပဒေအရ လုပ်ရပါတယ်။ တောရိုင်းမြေဆိုရင်လည်း တောရိုင်းမြေနှင့်ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ စိစစ်ခြင်း၊ ကွင်းဆင်းခြင်း၊ ပယ်ဖျက်ခြင်းများ လုပ်ရပါတယ်။ မြို့ရွာဖွဲ့စည်းခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက စတင်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်တင်ပြနိုင်သော်လည်း ဆက်စပ်တဲ့နေရာများက အင်မတန်မှ ရှုပ်ထွေးများပြားပါတယ်။ လယ်ယာမြေနှင့်ဆက်စပ်တယ်။ ဥယျာဉ်ခြံမြေ။ နောက်ပြီးတော့ တောရိုင်းမြေ၊ သစ်တောမြေဆက်စပ်တဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက လုပ်ပေးဖို့အတွက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဆက်စပ်တဲ့ဌာနများနဲ့ မြေအမျိုးအစားကို ပြုပြင်ခြင်းကိုဆောင်ရွက်ရပါတယ်။ ဥပမာ လယ်ယာမြေဆိုရင် လယ်ယာမြေဥပဒေပုဒ်မ ၃၀၊ ယခင်က လန-၃၉ ပေါ့ခင်ဗျား။ အဲဒီတော့ လယ်ယာမြေဥပဒေအရ ပယ်ဖျက်ခြင်းဆောင်ရွက်ရပါတယ်။ အခြားနည်းသုံးစွဲခွင့်တွေလုပ်ရပါတယ်။ အဲဒီအပေါ်မှာ ဆက်စပ်တဲ့ဝန်ကြီးဌာနများကို ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က လိုက်လံပြီးဆောင်ရွက်ရတဲ့အခါမှာ အခက်အခဲများရှိနေခြင်းဖြစ်ပါတယ်။ အဲဒီလို မြို့တစ်ခု၊ ရွာတစ်ခု ဖွဲ့ဖို့အတွက်ကို မြေအမျိုးအစားသည် အခြားနည်းသုံးစွဲခွင့်ရပြီးပြီဆိုလျှင် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကနေပြီးတော့မှ အမှုတွဲများပြုစုပြီးတော့မှ Notification ထုတ်ပြန်ပေးရုံဖြစ်ပါတယ်။ ဒါကြောင့်လည်း အခက်အခဲဖြစ်နေတာကတော့ ဆက်စပ်တဲ့မြေများက ဝန်ကြီးဌာနနှစ်ခု၊ သုံးခုနဲ့

ဆက်စပ်နေတဲ့အတွက်ကြောင့် အဲဒီဌာနများမှာ ကြန့်ကြာနေခြင်းဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကနေပြီးတော့မှ ဆက်စပ်တဲ့ မြေအမျိုးအစားစီမံခန့်ခွဲရတဲ့ ဌာနများဖြစ်တဲ့ လယ်/ဆည်ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန များနှင့်ဆက်စပ်ပြီးတော့ မြန်ဆန်စွာရရှိရေးအတွက်ကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အမြန်ဆုံးဆောင်ရွက်ပေးနိုင်မှာ ဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အကြောင်းအမျိုးမျိုးကြောင့် အုပ်ချုပ်ရေးမှူးနေရာများ လစ်လပ်သွား၍ ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးခန့်အပ်ရန်ခံရသူများမှာ လစဉ်ချီးမြှင့် ထောက်ပံ့ငွေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ များအရ ရရှိခံစားခြင်းမရှိဘဲ နစ်နာရသည်ကို မည်သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ရပ်ကွက်နှင့် ကျေးရွာများမှာ ယာယီအုပ်ချုပ်ရေးမှူးများအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေရတဲ့သူတွေရဲ့ လစဉ်ချီးမြှင့် ထောက်ပံ့ငွေနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် ပြုပါ ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဥပဒေအခန်း(၈) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)အရ ဥပဒေပါအကြောင်းတစ်ရပ်ရပ်ကြောင့် ရပ်/ကျေးအုပ်စုမှာ အုပ်ချုပ်ရေးမှူးနေရာ လစ်လပ်သွားလို့ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူးအနေနဲ့ ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲမှာ ဒုတိယမဲအများဆုံးရရှိတဲ့ ရာအိမ်မှူးကို ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးခန့်အပ်ရမှာ ဖြစ်ပါ တယ်။ တကယ်လို့ ဒီရာအိမ်မှူးက ယာယီအုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်နိုင်မှုမရှိရင် သင့်တော်

တဲ့ကျေးရွာအုပ်စု၊ သင့်တော်တဲ့ကျေးရွာတာဝန်ခံ ဒါမှမဟုတ် ရာအိမ်မှူးတစ်ဦးကို ယာယီအုပ်ချုပ်ရေးမှူးအဖြစ်နဲ့ တာဝန်ပေးခန့်အပ်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို လစ်လပ်သွားတဲ့အုပ်ချုပ်ရေးမှူးနေရာများအတွက် ရက်ပေါင်း ၃၀ အတွင်းမှာ ဥပဒေနှင့်အညီ အစားထိုးခန့်အပ်တာဝန်ပေးရမယ်လို့ ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးဥပဒေအခန်း(၈) ပုဒ်မ ၁၆ ပုဒ်မခွဲ(က)နှင့် နည်းဥပဒေအခန်း(၅) ပုဒ်မ ၃၁ ပုဒ်မခွဲ(က)တို့မှာ ပြဋ္ဌာန်းထားရှိပါတယ်။ ဒါပေမဲ့လို့ အချို့သော ရပ်/ကျေးအုပ်စုများမှာ အုပ်ချုပ်ရေးမှူးရွေးချယ်ခန့်အပ်ခြင်းကို ရက်ပေါင်း ၃၀ အတွင်းမှာ မဆောင်ရွက်နိုင်ကြဘဲနဲ့ လနှင့်ချီပြီးကြာနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီလိုနေရာမျိုးမှာ ယာယီအုပ်ချုပ်ရေးမှူးများအား အုပ်ချုပ်ရေးမှူး အစားထိုးခန့်အပ်ခြင်းများ မပြီးဆုံးသေးတဲ့အထိ ယာယီအုပ်ချုပ်ရေးမှူးတာဝန်များကို ထမ်းဆောင်နေကြရတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို အချိန်ပေးတာဝန်ထမ်းဆောင်နေကြရသော်လည်းပဲ ယာယီအုပ်ချုပ်ရေးမှူးတွေဟာ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများကို ခံစားရရှိခြင်းမရှိရကြောင်းနှင့် ဒီလိုဖြစ်ရခြင်းကလည်း ရပ်/ကျေးအုပ်ချုပ်ရေး ဥပဒေအခန်း(၁၂) ပုဒ်မ ၂၈ နှင့် နည်းဥပဒေအခန်း(၈) နည်းဥပဒေ ၃၆ နည်ဥပဒေခွဲ(က)များအရဆိုရင် ချီးမြှင့်ထောက်ပံ့ငွေများဟာအုပ်ချုပ်ရေးမှူးများအတွက်သာဖြစ်တဲ့အတွက် ဖြစ်တာကြောင့်မို့ သူတို့မရရှိကြပါဘူး။ ဒါကြောင့်မို့လို့ ၎င်းတို့မှာ များစွာပဲ နစ်နာနေကြရတာကို ကျွန်တော်တို့ တွေ့မြင်သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာများတွင် ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးခန့်အပ်ခံရသူများမှာ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများကို ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေ၊ နည်းဥပဒေများအရ ရရှိခံစားရခြင်းမရှိဘဲ နစ်နာနေကြရတာကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ဆက်လက်ပြီးတော့မှ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ရှင်းလင်းတင်ပြချက်အပေါ် Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှင့်ခံစားခွင့်များကို နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေ အခြေအနေအရ နှစ်ကာလအလိုက် ခွင့်ပြုတိုးမြှင့်ပေးလျက်ရှိတဲ့အားလျော်စွာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ လစဉ်ချီးမြှင့်ထောက်ပံ့ငွေကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေအခြေအနေ၊ ခေတ်ကာလအခြေအနေ၊ အုပ်ချုပ်ရေးမှူးများရဲ့ လုပ်ငန်းသဘောသဘာဝအခြေအနေ၊ နယ်မြေဒေသန္တရအခြေအနေတို့အား လွှမ်းခြုံထည့်သွင်းစဉ်းစားပြီးတော့မှ သင့်လျော်မှုရှိနိုင်တဲ့ လစဉ်ချီးမြှင့်ထောက်ပံ့ငွေပမာဏအား သတ်မှတ်ခွင့်ပြုပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ လစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေပုဒ်မ ၂၈ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လစဉ်ချီးမြှင့်ထောက်ပံ့ငွေပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ အုပ်ချုပ်ရေးမှူးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများအား ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေမှစ၍ လစဉ်ချီးမြှင့်ထောက်ပံ့ငွေ ခုနစ်သောင်းကျပ်နှင့် ရုံးအသုံးစရိတ် ငါးသောင်းကျပ်ဟု သတ်မှတ်ပြီးတော့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ငွေစာရင်းမှ လစဉ်ချီးမြှင့်ခွင့်ပြုပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရပ်ကွက်/ကျေးရွာအုပ်စု ၁၆၉၄၇ ခုရှိပြီးတော့ အုပ်ချုပ်ရေးမှူးတစ်ဦးကို တစ်လလျှင် ချီးမြှင့်ထောက်ပံ့ငွေခုနစ်သောင်းကျပ်နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ တစ်လလျှင် ကုန်ကျငွေမှာ ကျပ် ၁၁၈၆.၂၉ သန်းကုန်ကျပြီး တစ်နှစ်လျှင် ကျပ် ၁၄၂၃၅.၄၈ သန်းထောက်ပံ့လျက်ရှိပါတယ်။ ရုံးအသုံးစရိတ်ကိုလည်း တစ်လလျှင် ငါးသောင်းကျပ်နှုန်းဖြင့် တစ်လလျှင် စုစုပေါင်းကျပ် ၈၄၇.၃၅ သန်းဖြစ်ပြီးတော့ တစ်နှစ်အတွက် ကျပ် ၁၀၁၆၈.၂၀ သန်း အသုံးပြုလျက်ရှိ

ပါတယ်။ ချီးမြှင့်ထောက်ပံ့ငွေနှင့် ရုံးအသုံးစရိတ် တစ်လလျှင် စုစုပေါင်းကျပ် ၂၂၀၃၃.၆၄ သန်းနှင့် တစ်နှစ်အတွက် ကျပ် ၂၆၄၄၀၃.၆၈ သန်း ထောက်ပံ့ပေးလျက်ရှိကြောင်း စိစစ်သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုပ်ချုပ်ရေးမှူး နေရာများ လစ်လပ်သွားရင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)မှာ ဖော်ပြထားတဲ့အတိုင်း တာဝန်မှယာယီရပ်ဆိုင်းခြင်းခံရတဲ့ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှယာယီရပ်ဆိုင်းခြင်းကြောင့် လစ်လပ်နေတဲ့ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ တာဝန်ကိုထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေး မှူးသည် ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပုဒ်မ ၇ ပုဒ်မခွဲ(ဆ)အရ ဒုတိယဦးစားပေး အဆင့် ရရှိသူအား ယာယီတာဝန်ပေးအပ်ရမည်ဟူ၍ ပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)တွင် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်နေတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်၍ရက်ပေါင်း ၃၀ အတွင်း ခန့်အပ်တာဝန်ပေးအပ်ရမည်လို့ ပြဋ္ဌာန်းထားရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးမှူးများ လစ်လပ်မှုမရှိစေရေးအတွက် ၂၀၁၂ ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ အုပ်ချုပ်ရေးမှူး အသစ်များအား အမြန်ဆုံးရွေးချယ်ခန့်အပ်သွားရန်လည်းကောင်း၊ လုံခြုံရေးအရ ရွေးချယ်ခန့်အပ် သွားရန်ဟုလည်းကောင်း၊ လုံခြုံရေးအရ စိုးရိမ်ရတာမရှိတဲ့နေရာများတွင် ရွေးချယ်ခန့်ထားရေး အမြန်ဆောင်ရွက်သွားရန်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဌာနရဲ့ ရုံးချုပ်မှာ ၂၈-၁၀-၂၀၁၇ ရက်နှင့် ၁၆-၅-၂၀၁၈ ရက်တို့တွင် နေပြည်တော်တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများကို ညွှန်ကြားထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် တိုင်ကြားမှုများကြောင့် ပြန်လည်စိစစ်နေရခြင်း၊ ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရာတွင် မိမိရပ်ရွာမှ ကြီးကြပ် ရေးအဖွဲ့တွင် ပါဝင်လိုမှုအတွက် ဖွဲ့စည်းနိုင်ရေးအခက်အခဲရှိခြင်း၊ ကြီးကြပ်ရေးအဖွဲ့ဝင်များအချင်း ချင်း ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ အမြင်မတူညီမှုများကြောင့် သဘောထားကွဲလွဲမှုရှိခြင်း၊ အချင်းချင်းတိုင်ကြား ခြင်း၊ ဆယ်အိမ်စုများစုဖွဲ့ရာတွင် ကြီးကြပ်ရေးအဖွဲ့ဝင်များ စိတ်ကြိုက်ဖွဲ့စည်းခြင်းများကြောင့် တိုင်ကြားမှုများဖြစ်ပေါ်လျက်ရှိပါတယ်။ ထို့အပြင် လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် အုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်အညီ ရွေးချယ်ပြီးမှ နောက်ကြောင်း

ပြန်တိုင်ကြားခြင်း၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ရွေးချယ်ပြီးဖြစ်သော်လည်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၅ ပါ ပြည့်စုံရမည့်အရည်အချင်းများ နှင့် ကိုက်ညီမှုမရှိကြောင်း ပုဂ္ဂိုလ်အရ တိုင်ကြားခြင်း၊ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်လိုသော ပုဂ္ဂိုလ်အချင်းချင်း အပြစ်ရှာတိုင်ကြားခြင်းစတဲ့အချက်များကြောင့် အုပ်ချုပ်ရေးမှူး ရွေးချယ် ခန့်အပ်ရေးတာဝန်များ ကြန့်ကြာနေရပြီးတော့ ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးထမ်းဆောင် စေတဲ့ကာလ ကြန့်ကြာနေရခြင်းဖြစ်ပါကြောင်း စိစစ်သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေ ပုဒ်မ ၈ အရ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇ ပုဒ်မခွဲ(ဇ)အရ တင်ပြ လာတဲ့အမည်စာရင်းပါပုဂ္ဂိုလ်များ စိစစ်ပြီး ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ခံရပြီး ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(က)အရ ရွေးချယ်ခန့်အပ်ထားတဲ့ အုပ်ချုပ်ရေးမှူးအား လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ထောက်ပံ့ပေး လျက်ရှိပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာများ လစ်လပ်သွားပါက မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)တွင် ပုဒ်မ ၇ ပုဒ်မခွဲ(စ)အရ ဒုတိယဦးစားပေး ရရှိသူအား ယာယီတာဝန်ပေးအပ်မည်ပါရှိတဲ့အတွက် အုပ်ချုပ်ရေးမှူးရွေးချယ်ခန့်အပ်နိုင်ရေးမပြုမီ ယာယီတာဝန်ထမ်းဆောင်ခြင်းသာဖြစ်၍ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ထောက်ပံ့ပေးနိုင်ခြင်း မရှိပါကြောင်း စိစစ်သိရှိရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ လစ်လပ်နေသော အုပ်ချုပ်ရေးမှူးများအား အမြန်ရွေးချယ်ခန့်အပ်နိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များရဲ့ လမ်းညွှန်ချက်များ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်ခန့်အပ်လျက်ရှိပါကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် အငြင်းပွားမှုများ တိုင်ကြားမှုများကြောင့် ရွေးချယ်ခန့်အပ်ရေး လုပ်ငန်းများကြန့်ကြာနေသည့်ကာလအတွင်း ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးထမ်းဆောင်စေ တဲ့ကာလကို စရိတ်ချီးမြှင့်ငွေထောက်ပံ့ပေးရန် အစီအစဉ် လောလောဆယ်ဆယ်မရှိသေးပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

**တမူးခရိုင်အတွင်းရှိ အလှော်၊ ပွတ်တာနှင့် မင်းသမီးကျေးရွာများ ရွာနယ်နိမိတ်သတ်မှတ်ပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်းမှာရှိတဲ့ အလှော်ကျေးရွာ၊ ပွတ်တာကျေးရွာနှင့် မင်းသမီးကျေးရွာ ရွာနယ်နိမိတ်သတ်မှတ်ပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးခရိုင်အတွင်းမှာ အလှော်ကျေးရွာ၊ ပွတ်တာကျေးရွာနှင့် မင်းသမီးကျေးရွာတို့ဟာ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုမှာ ရွာလုံးကျွတ်ရေနစ်မြုပ်ခဲ့ပြီး ကျေးရွာသစ်တွေအဖြစ် နေရာသစ်မှာဖော်ထုတ်တည်ဆောက်ခဲ့ရပါတယ်။ အခုအခါမှာ ရေ၊ မီး၊ လမ်း၊ နေအိမ်၊ အဆောက်အဦတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်လို့ နေထိုင်ရေးအဆင်ပြေကြပေမဲ့ ကျေးရွာနေပြည်သူတွေအတွက် အိမ်ရာတိုးချဲ့ရန်ကိစ္စ၊ လယ်ယာမြေတိုးချဲ့ဖော်ထုတ်ရန်ကိစ္စတို့မှာ ကျေးရွာနယ်နိမိတ်သတ်မှတ်မှုအား အတည်ပြုချက်များ မရရှိသေးလို့ အခက်အခဲအချို့ရှိနေပါတယ်။ ကျေးရွာနေပြည်သူများမှ ကျေးရွာနယ်နိမိတ်အတည်ပြုချက်ရရှိမှသာ အနီးရှိကျေးရွာများနှင့် မြေနေရာကိစ္စရပ်များအား ရှင်းရှင်းလင်းလင်းဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အလှော်ကျေးရွာ၊ ပွတ်တာကျေးရွာနှင့် မင်းသမီးကျေးရွာတို့ရဲ့ ကျေးရွာနယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စအား သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြ

မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်မှ ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ တမူးခရိုင်၊ တမူးမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပြီးတော့ အလှော်ကျေးရွာ၊ ပွတ်တာကျေးရွာ၊ မင်းသမီးကျေးရွာတို့မှာ မူလကျေးရွာများမှ မြေနေရာသစ်များဖြစ်တဲ့ အလှော်ကျေးရွာအတွက် အင်းဒိုင်းကျေးရွာအုပ်စုမှ မြေရိုင်းဧရိယာ ၅၀.၁၁ ဧကကိုလည်းကောင်း၊ ပွတ်တာကျေးရွာအတွက် ခမိတ်ကျေးရွာအုပ်စုမှ မြေရိုင်းဧရိယာ ၆၁.၉၈ ဧကကိုလည်းကောင်း၊ မင်းသမီးကျေးရွာအတွက် ရွာသာကျေးရွာအုပ်စုမှ ကျေးရွာနယ်နိမိတ်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့မှ စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အမှုတွဲဖွင့်လှစ်ပြီးတော့မှ တင်ပြခဲ့ပါတယ်။ မင်းသမီးကျေးရွာအတွက် ရွာသာကျေးရွာအုပ်စုမှ ၁၄၁.၄၇ ဧက ဖြစ်ပါတယ်။ ဖော်ထုတ်ပြောင်းရွှေ့နေထိုင်ဖို့အတွက်ကိုလည်း ကျေးရွာနယ်နိမိတ်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးကို တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အမှုတွဲဖွင့်လှစ်တင်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါပြောင်းရွှေ့ဖွဲ့စည်းမယ့် မြေနေရာများဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအမျိုးအစားမှာပါဝင်ပြီးတော့မှ ပြင်ဆင်တိုးချဲ့မယ့်မြေနေရာမှာ ၅၀ ဧကထက်ပိုမိုတဲ့အတွက်ကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ခွင့်ပြုချက်ရရှိရေး ညွှန်ကြားမှုပြုနိုင်ပါရန် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂-၅-၂၀၁၈ ရက်စွဲပါစာဖြင့် အမှုတွဲများ ပူးတွဲလျက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၁၃-၃-၂၀၁၇ ရက်စွဲပါစာအမှတ်ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားတဲ့နည်းလမ်းအတိုင်း အသုံးပြုမည်ဆိုရင် ကန့်ကွက်ရန်မရှိကြောင်းကို နိုင်ငံတော်သမ္မတရုံးသို့ ထောက်ခံတင်ပြထားခဲ့ပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ တမူးမြို့နယ်အတွင်းရှိ အလှော်၊ ပွတ်တာနှင့် မင်းသမီးကျေးရွာများအတွက် ရွာနယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်ခွင့်ပြုချက်ရရှိမှသာ ခရိုင်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီးအဆင့်သို့ တင်ပြပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးနေလင်းအောင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့လွှတ်တော်ကြီးမှာ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့်ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာဆိုရင် ကျေးရွာပေါင်း ၆၃၇၂၉ ရွာရှိပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာဆိုရင် ကျေးလက်နေပြည်သူများဖြစ်ကြပါတယ်။ ဒါကြောင့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရန် အလွန်အရေးကြီးပါတယ်။ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ခြင်းက မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နိုင်တဲ့အချက်တစ်ချက် ဖြစ်ပါတယ်ခင်ဗျား။ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်

ဖို့ဆိုရင် ကျေးရွာတစ်ရွာနှင့်တစ်ရွာဆက်သွယ်ထားနိုင်တဲ့ ကျေးရွာချင်းဆက်လမ်းများ အဆင်ပြေ ချောမွေ့ကောင်းမွန်ဖို့ရန် အရေးကြီးလှပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းက လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် အဓိကကျတဲ့အခြေခံအချက်တစ်ချက် ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်းက လူမှုစီးပွားဘဝများ မဖွံ့ဖြိုး၊ မတိုးတက်စေရန် အတွက်ကြီးမားတဲ့အဟန့်အတားဖြစ်နေတယ်ဆိုတာကိုလည်း အထူးသတိပြုရမှာဖြစ်ပါတယ်ခင်ဗျား။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှုမရှိတာကြောင့် ကျွန်တော်တို့ အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ ကုန်စျေးနှုန်းကြီးမြင့်သည့်ဒဏ်ခံကြရခြင်း၊ လုံလောက်တဲ့ကျန်းမာရေးစောင့်ရှောက် မှုအခွင့်အလမ်းများဆုံးရှုံးခြင်း၊ ပညာရေးအခွင့်အလမ်းနည်းပါးခြင်းကြောင့် ပညာရေးနိမ့်ကျမှုများ ဖြစ်ပေါ်စေခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို စျေးကွက်အတွင်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ ရောင်းချနိုင်မှုမရှိခြင်း၊ စျေးကွက်အတွင်းသို့ အချိန်မီပို့ဆောင်နိုင်မှုမရှိခြင်းကြောင့် ထုတ်လုပ်မှု တန်ဖိုးကျဆင်းလာတဲ့အတွက် မိသားစုဝင်ငွေနည်းပါးလာခြင်း၊ နိုင်ငံတော်မှချပေးသော ဘဏ္ဍာငွေ များဆုံးရှုံးနစ်နာခြင်း ဥပမာပြောရမယ်ဆိုရင် လမ်းမပေါက်တဲ့အတွက် ဆေးခန်း၊ ကျောင်းစတဲ့ အဆောက်အဦများကို မဆောက်လုပ်နိုင်ခြင်း၊ လမ်းမပေါက်တဲ့အတွက် ကုမ္ပဏီမှအဆောက်အဦများ သွားရောက်မဆောက်လုပ်နိုင်ပါသဖြင့် ချထားပေးပြီးသော ဘဏ္ဍာငွေများကို ပြန်လည်ရုပ်သိမ်းမှု ခံရခြင်း၊ ဒါ့အပြင် ကျေးရွာနေပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုနည်းပါးခြင်းကြောင့် သူစိမ်းဆန်အနေစိမ်းခြင်း၊ စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်စေခြင်းနှင့် ယုံကြည်မှုအားလျော့နည်းခြင်းစတဲ့ အထွေထွေသော အပေါင်းလက္ခဏာမဆောင်တဲ့ ဆိုးကျိုးများကို ကျေးလက်နေပြည်သူများဟာ ကုန်းရုန်းပြီးခံကြရပါတယ်ခင်ဗျား။ အဲဒီလိုဆိုးကျိုးများရဲ့အဆုံးရလဒ်ကတော့ ပညာကောင်းစွာ ဆက်လက်သင်ယူနိုင်တဲ့အခွင့်အလမ်းနည်းပါးခြင်းကြောင့် ပညာရေးနိမ့်ကျလာပြီး လူ့စွမ်းအား အရင်းအမြစ်များ ဆုံးရှုံးလာပါတယ်ခင်ဗျား။

နောက်တစ်ချက်ကတော့ ထုတ်လုပ်မှုကျဆင်းခြင်းကြောင့် ဝင်ငွေများနည်းပါးလာတဲ့အတွက် တိုင်းပြည်ရဲ့ဝင်ငွေပါကျဆင်းလာနိုင်တဲ့အကျိုးဆက်တွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်လမ်းများကောင်းမွန်မှုမရှိခြင်းဟာ ကျေးလက်နေပြည်သူများအတွက်သာ ဆုံးရှုံးနစ်နာမှု ရှိတာမဟုတ်ဘဲနဲ့ တိုင်းပြည်တစ်ပြည်လုံးအတွက်ပါ ဆုံးရှုံးနစ်နာမှုကြီးဖြစ်တယ်ဆိုတာကို ကျွန်တော် တို့ နိုင်ငံတော်အစိုးရအနေနဲ့ သတိပြုပြီးအလေးထားဆောင်ရွက်သင့်ပါတယ်ခင်ဗျား။ ဒါ့အပြင် ကျေးလက်လမ်းများ ကောင်းမွန်မှုမရှိခြင်းကြောင့် အချိန်ကုန်လူပင်ပန်းခြင်းရဲ့ အကျိုးဆက်များ၊

ကျန်းမာရေးစောင့်ရှောက်မှုမလုံလောက်ခြင်းရဲ့ အကျိုးဆက်များစတဲ့အခြားသော လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းရဲ့အကျိုးဆက်အဖုံဖုံတို့ကို ကျေးလက်နေပြည်သူများ အလူးအလဲခံစားကြရပါတယ်ခင်ဗျား။ ဒီလိုကျေးလက်နေတိုင်းရင်းသားပြည်သူများ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ကျော်ဖြတ်နိုင်ဖို့ဆိုရင်တော့ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးရွာချင်းဆက်လမ်းများကို ပိုမိုဖောက်လုပ်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့မြန်မာနိုင်ငံဟာဆိုရင် အကြောင်းကြောင်းသော အကြောင်းများကြောင့် ဒီကနေ့ကမ္ဘာ့အလယ်မှာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် မြို့ရော၊ တောပါဖွံ့ဖြိုးမှုလိုအပ်နေတဲ့နိုင်ငံ၊ မြို့ရော၊ ကျေးလက်ပါ လမ်းပန်းဆက်သွယ်ရေးလိုအပ်နေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာကို နားလည်ပါတယ်ခင်ဗျား။ ဒါပေမဲ့ အထူးသတိပြုရမယ့်အချက်ကတော့ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်မကြီးမားဘဲ ဟန်ချက်ညီညီဖွံ့ဖြိုးရန်လိုအပ်ပါတယ်ခင်ဗျား။ အထူးသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရဲ့ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုကွာဟချက်မများဖို့ရန်မှာ အလွန်ပင်အရေးကြီးပါတယ်။ အဲဒီလို တိုင်းဒေသကြီးနှင့် ပြည်နယ်များရဲ့ကျေးရွာများရဲ့လမ်းပန်းဆက်သွယ်ရေးကွာဟချက်ကြီးမားမှုမရှိခြင်းဟာ တိုင်းရင်းသားများအချင်းချင်းကြား ချစ်ခင်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုအားကောင်းလာစေပြီး (၂၁)ရာစုပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို အောင်မြင်နိုင်စေရန်အတွက် ခွန်အားတစ်ရပ်ဖြစ်စေနိုင်ပါတယ်ခင်ဗျား။ နိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆင့်မြှင့်တင်ပေးရန်လိုအပ်နေသော်လည်း တချို့ဖွံ့ဖြိုးမှုနည်းပါးသည့်မြို့နယ်များ၊ နာဂတိုင်းရင်းသားများနေထိုင်သည့်မြို့နယ်များနှင့် အခြားတိုင်းရင်းသားများနေထိုင်တဲ့ပြည်နယ်များရှိ ပြည်နယ်လမ်းများကို ပိုမိုပြီးအဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့မြို့နယ်များရဲ့လမ်းများ ဆိုးပါတယ်ဆိုတာဟာ သွားလာလှုပ်ရှားလို့ရပါသေးတယ်ခင်ဗျား။ ဒါပေမဲ့ တိုင်းရင်းသားဒေသများရဲ့လမ်းများ မကောင်းဘူးဆိုတာကတော့ တကယ်ပဲမရှိတဲ့လမ်းကို ရှာဖွေပြီး တကယ့်ကိုအသက်စွန့်စံဖျားသွားလာနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် ကျေးလက်လမ်းမိုင်ပေါင်း ခြောက်သောင်းခန့်ရှိပါတယ်။ အဲဒီကျေးလက်လမ်းထဲမှာ ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်း ခြောက်ရာခိုင်နှုန်းခန့်ရှိပါတယ်။ ရာသီမရွေးသွားလာနိုင်လို့ရပါတယ်။ ကျောက်စရစ် သို့မဟုတ် မြေညီလမ်းမိုင်က ၂၈ ရာခိုင်နှုန်းရှိပါတယ်။ ကျန် ၆၆ ရာခိုင်နှုန်းကဆိုရင်တော့ မြေသားလမ်းမိုင်များဖြစ်ကြပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ကျေးရွာများ၏ ငါးပုံပုံတစ်ပုံခန့်လမ်းများဟာ ဆက်သွယ်ထားနိုင်ခြင်း မရှိသေးပါ။ နွေရာသီရောက်မှသာ သွားလာနိုင်သောလမ်းများဖြစ်ပါတယ်။ ကျွန်တော်တို့ခြုံငုံပြီး ပြောရမယ်ဆိုရင် မြန်မာနိုင်ငံရဲ့လူဦးရေ ၁၅ သန်းကျော်ဟာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းများ မရှိခြင်းကြောင့် တစ်နှစ်ပတ်လုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ခွဲခြားထားခြင်းခံနေရပါတယ်။ ဒီလိုအခြေအနေမျိုးဟာ ကျွန်တော်တို့တိုင်းရင်းသားဒေသတွေမှာ အများစုဖြစ်ပေါ်နေတာပါ။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ အမျိုးသားအဆင့် ကျေးလက်လမ်းမဟာဗျူဟာရည်မှန်းချက်ဖြစ်တဲ့ သက္ကရာဇ် ၂၀၃၀ ၌ မြန်မာနိုင်ငံရှိကျေးရွာများအားလုံး၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သည့်ကျေးလက်လမ်းများအသုံးပြုနိုင်ဖို့ဆိုရင် ကျေးလက်လမ်းများကို ပိုမိုဖောက်လုပ် ပေးရန်လိုအပ်နေပြီ ဖြစ်ပါတယ်ခင်ဗျား။ ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်ကောင်းမွန်မှု မရှိခြင်းဟာ ကုန်သွယ်ရေးအတွက် အဟန့်အတားဖြစ်စေသော အဓိကကျတဲ့အချက်ဖြစ်ပါတယ်။ ကျေးလက်လူဦးရေထက်ဝက်ခန့်အတွက် ရာသီမရွေးသွားလာနိုင်တဲ့လမ်းများမရှိခြင်းဟာ မြန်မာ နိုင်ငံရဲ့ကျေးရွာခြောက်သောင်းကျော်မှာ ကျေးရွာပေါင်းသုံးသောင်းခန့်အတွက် အဆင်မပြေဖြစ်နေ ခြင်းပင် ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျေးရွာများလမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့လာပါက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသထွက်ကုန်များ ရာသီမရွေးပို့ဆောင်နိုင်ကာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ကဏ္ဍများဘက်စုံဖွံ့ဖြိုးတိုးတက်ကောင်းမွန် လာမည်ဖြစ်ပါသောကြောင့် ကျွန်တော့်ရဲ့အဆိုအား ဒီပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေး ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးနေလင်းအောင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ မင်းတပ်မဲဆန္ဒနယ်က

ဦးနေလင်းအောင်တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးတဲ့မြို့နယ်၊ တိုင်းရင်းသားများနေထိုင်တဲ့ ပြည်နယ်တွေရဲ့ ကျေးရွာချင်းဆက်လမ်းများကို အလေးထားဖောက်လုပ်အဆင့်မြှင့်တင်ပေးရန်လို့ ပါရှိတဲ့အတွက် လက်ရှိနိုင်ငံတော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကနေ အမျိုးသားအဆင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အစီအစဉ်ရေးထားတာကိုလည်း တွေ့ရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားအဆင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းဖော်ပြချက်အရ ၂၀၃၀ ခုနှစ်မှာ ကျေးလက်နေပြည်သူ အများအပြား ရာသီမရွေး သွားလာနိုင်တဲ့လမ်းများအဖြစ် အသုံးပြုနိုင်အောင် ဆောင်ရွက်နိုင်ခြင်းနှင့် ဆက်သွယ်ရေး ကန့်သတ်ချက်များ ဖြေရှင်းနိုင်ရန် အကောင်းဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ၂၀၃၀ ခုနှစ် ရေရှည်တည်တံ့သော၊ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အောင်မြင်မှုကို အထောက်အပံ့ ရစေမယ့်အကြောင်းဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ အဆိုပါ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဦးတည်ချက်ရဲ့ မဟာဗျူဟာရည်မှန်းချက်မှာ မြန်မာနိုင်ငံအတွင်းရှိကျေးရွာများ ရာသီမရွေးဆက်သွယ် သွားလာနိုင်မှုကိုပံ့ပိုးပေးနိုင်ရန် ရည်မှန်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မှတ်ပုံတင် ထားတဲ့ကျေးရွာရဲ့ ၉၀ ရာခိုင်နှုန်း လမ်းပန်းဆက်သွယ်ရေး အနည်းဆုံးမှတ်ပုံတင်ထားတဲ့ကျေးရွာ တွေရဲ့ ၈၀ ရာခိုင်နှုန်းအား ရာသီမရွေးသွားလာနိုင်သော လမ်းပန်းဆက်သွယ်ရေးအပါအဝင်လာမယ့် ၂၀၃၀ ခုနှစ်ဆောင်ရွက်ရန်နှင့် ၂၀၃၀ ခုနှစ်အတွင်း နိုင်ငံအတွင်းမှာရှိနေတဲ့ ကျေးလက်နေလူဦးရေ ၁၀ သန်းထပ်ဆောင်း၍ တစ်နှစ်ပတ်လုံးဆက်သွယ်သွားလာနိုင်ရန်ဆိုပြီး ဖော်ပြထားတာတွေ့ရ ပါတယ်။

ထို့အပြင် အမျိုးသားအဆင့်ကျေးလက်လမ်းစံနှုန်းများသတ်မှတ်ပြီးတော့မှ အဓိကရွာချင်း ဆက်လမ်းတွေကို Class (A)၊ Class(B)၊ Class(c) အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်ပြီးဆောင်ရွက်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းရေရှည်တည်တံ့ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေလျာထားခြင်း၊ လမ်းဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်း ဆိုင်ရာတာဝန်များဆိုပြီးတော့ စီမံကိန်းကို စနစ်တကျဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုရန်တင်ပြအပ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ၂၀၀၆ ခုနှစ် ခန့်မှန်းကျေးရွာဆက်သွယ်ရေးအဆင့် လမ်းနှုန်းတွေဖြစ်ပါတယ်။ နောက်အနိမ့်ဆုံး ကျေးလက်

လမ်းမှာ စံနှုန်း Class(A,B,C) ခွဲထားတာတွေရှိပါတယ်။ ၂၀၃၀ ခုနှစ်အထိ ရွာချင်းဆက်လမ်းတွေရဲ့ ရင်နှီးမြှုပ်နှံမှုဇယားများ ဖြစ်ပါတယ်။ ဒါကျေးရွာတွေရဲ့ ဦးစားပေးအဆင့်သတ်မှတ်ခြင်းများ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဆောင်ရွက်ပြီးရင် လမ်းပန်းဆက်သွယ်ရေးမလုံလောက်မှုကြောင့် ဖြစ်ပွားတဲ့ ၇၅ ရာခိုင်နှုန်းသော မမွေးဖွားမီငါးနှစ်၊ ငါးလနှင့် မွေးဖွားပြီးတစ်နှစ်၊ တစ်လအတွင်း သေဆုံးမှုများကို လျှော့ချစေခြင်း၊ ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်တဲ့ဆရာဆရာမတွေ သင်ကြားရေးတွေ၊ သင်ထောက်ကူပစ္စည်းတွေ အဆင်ပြေလာနိုင်ခြင်း၊ အလုပ်အကိုင်ပိုမိုရရှိမှုနှင့် လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာပြီးတော့မှ ဆင်းရဲနွမ်းပါးမှုလျှော့ချလာနိုင်မယ့် အခွင့်အရေးတွေ ရရှိလာမှာ ဖြစ်ပါတယ်။

သို့သော် လက်ရှိအခြေအနေအရ စီမံကိန်းကဆောင်ရွက်နေပါသော်လည်း အကြောင်း အမျိုးမျိုးကြောင့် စီမံကိန်းလက်လှမ်းမမီနိုင်တဲ့ မြို့နယ်တွေ၊ ပြည်နယ်တွေ ရှိနေသေးတယ်ဆိုတာကို လည်းပဲ ဖော်ပြဆွေးနွေးလိုပါတယ်။ ဒါက္ခန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ သိန္နီမြို့ရဲ့ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနခွဲခြားထားတဲ့ ကျေးလက်လမ်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ဒါ သိန္နီမြို့ရဲ့ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ နှစ်အလိုက်ဖော်ပြထားတဲ့ စီမံကိန်းဇယားများ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ သိန္နီမြို့ရဲ့ ကျေးလက်လမ်းသည် တင်ထားတဲ့စီမံကိန်းများမှာ အခုဆိုရင် တင်ထားတာတော့ အများကြီးဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျလာတဲ့ရန်ပုံငွေအားက နည်းနေတာကိုလည်း တွေ့ရပါတယ်။ စီမံကိန်း ခွင့်ပြုချက်ကာလကတော့နည်းတဲ့အတွက် ဒါတစ်နှစ်ကို နည်းနည်းစီပဲ ဆောင်ရွက်ရတဲ့သဘော ဖြစ်ပါတယ်။ အခြားမြို့များနှင့်စာရင် အလွန်နည်းနေတာကိုလည်းတွေ့ရပါတယ်။ ဒီနှုန်းအတိုင်း ဆက်သွားနေရင် လာမယ့် ၂၀၃၀ ခုနှစ်မှာ စီမံကိန်းလျာထားချက်ပြည့်မီမှာမဟုတ်သလို စီမံကိန်းက စီမံကိန်းသက်သက်ဖြစ်ပြီး လက်တွေ့မှာအရာမထင်ဘဲဖြစ်မှာစိုးတဲ့အတွက် ဒါကို ထောက်ပြရခြင်း ဖြစ်ပါတယ်။

ထို့အတူ သွားလာရေးခက်ခဲတဲ့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ကျေးလက်ဒေသတွေမှာဆိုရင်လည်းပဲ ထို့နည်းတူ ကျေးလက်လမ်းစီမံကိန်းကို ထိထိ ရောက်ရောက် အကောင်အထည်ဖော်ပေးရန်ဆိုပြီးတော့ တိုက်တွန်းလိုပါတယ်။ ဒီနေရာမှာ ဦးစားပေး လမ်းသတ်မှတ်မှု၊ လမ်းတည်ဆောက်မှုလုပ်ငန်းတွေကို လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်လမ်း တိုးတက်ဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒေသမှာရှိနေတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့

သဘောတူညီချက်၊ ဦးဆောင်မှု စသည်တို့ဖြင့် ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များကို တတ်နိုင်သမျှ လျှော့ချပေးရန်နှင့် ဖွံ့ဖြိုးမှုများအနက် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုကွာဟချက်ဟာ အရေးကြီးပါကြောင်း တင်ပြရင်း ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်ရဲ့လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးတဲ့ မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်တဲ့ ပြည်နယ်များမှာ ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ပါရန် ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးနေလင်းအောင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသော လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့်ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများ အား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။

## ဦးနေလင်းအောင်၊ မင်းတပ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၉-၂-၂၀၁၉ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ (၁၈.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyi Min | U Khin Cho




U Kyi Min | U Toe Win




U Kyi Min | U Sein Myint




U Tin Myint | U Thaung Aye




U Tin Myint | U Sai Thant Zin




U Tin Myint | Dr Myint Thein

pyithu.hluttaw.mm



U Tin Myint



U Naing Naing Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်